# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၅) ရက် ၊ တနင်္လာနေ့ ၊ (8-5-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများကို သက်ကြီးအနုပညာရှင်များနှင့် MRTV-4 ဇာတ်လမ်းတွဲသရုပ်ဆောင်များ လေ့လာဖူးမြော်ကြည်ညို



ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရျိုးမြှင့်ပွဲအခမ်းအနားတက်ရောက်ခဲ့ကြသည့် MRTV-4 ဇာတ်လမ်းတွဲသရုပ်ဆောင်များပါဝင်သောအဖွဲ့ လာရောက်လေ့လာဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် မေ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ခဲ့ကြသည့် သက်ကြီးအနုပညာရှင်များ အဖွဲ့နှင့် MRTV-4 ဇာတ်လမ်းတွဲသရုပ်ဆောင်များပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ထိုသို့ လေ့လာဖူးမြော်ကြည်ညိုကြသည့် အဖွဲ့များကို တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးကို အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့ကို ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့်သာသနိကအဆောက်အအုံစိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ **စာမျက်နှာ ၂၃ ကော်လံ ၁ ☞**

ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက်သတင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ဖြေကြားချက်

စာမျက်နှာ - ၁၆

တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့်အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်) တို့မှ သင်တန်းသားများ စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန် မိတ္ထီလာမြို့သို့ရောက်ရှိ

စာမျက်နှာ - ၂၂

အမြင့်ဆုံးသောအပူလှိုင်းများနှင့် ကြုံတွေ့ရဦးမည့် ယခုနှစ်နွေရာသီ

ဆောင်းပါး စာမျက်နှာ - ၇




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၈ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ကြက်ခြေနီနေ့

ယနေ့ မေ ၈ ရက်သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှု၊ မေတ္တာနှင့်စေတနာတရားကို လက်ကိုင်ပြုသည့် ကမ္ဘာ့အကြီးမားဆုံးလူမှုအဖွဲ့အစည်းကို စတင်ထူထောင်ခဲ့သူ ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သော မေ ၈ ရက်ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်ထိုနေ့ရောက်တိုင်း ဂုဏ်ပြုပွဲများ၊ အထိမ်းအမှတ်ပွဲများ ကျင်းပပြုလုပ်ကြသည်ကို တွေ့နိုင်သည်။

ကမ္ဘာပေါ်၌ လူသားများအကြား ဖြစ်ပွားသည့် ကူးစက်ရောဂါများ၊ ရောဂါဘယများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ဘေးဒုက္ခမျိုးစုံဖြစ်ပွားခဲ့ရာတွင် ကြက်ခြေနီမောင်မယ်များက မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့ကို လက်ကိုင်ထား၍ အကူအညီများပေးလျက်ရှိသည်။ လက်ရှိတွင်ဖြစ်ပွားနေသော အပူလွန်ကဲခြင်းဝေဒနာများ၊ ကိုဗစ်ရောဂါကူးစက်မှုများကိုလည်း ကျရာကဏ္ဍမှ တတ်စွမ်းသမျှ အကူအညီပေးနေကြသည်ကို တွေ့နေရသည်။

မြန်မာနိုင်ငံ၌ ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခု ၂၀၂၃ ခုနှစ်တွင် အသင်း၏သက်တမ်း ၁၀၃ နှစ်ပြည့်ပြီဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လွတ်လပ်စွာ စေတနာအလျောက် ကူညီဆောင်ရွက်နေသော အသင်းဖြစ်ပြီး နိုင်ငံတော်က ထုတ်ပြန်ထားသည့် ဥပဒေနှင့်အညီ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီညီလာခံက အတည်ပြုထားသော အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် လူသားများ၏ ဆင်းရဲဒုက္ခများ သက်သာစေရေးကို ဦးတည်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးများမှ ကာကွယ်တားဆီးရန်နှင့် ဘေးဒုက္ခကျရောက်နေသူများကို ကူညီပေးရန်ဟူသော ဦးတည်ချက် သုံးရပ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ထူထောင်ချိန်မှစ၍ ယနေ့ကာလထိ လူမျိုး၊ ဘာသာ၊ နေရာဒေသ၊ ကျား၊ မ မရွေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးခဲ့ကြသူများကို ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က ဖလောရင့်နိုက်တင်ဂေးဆု၊ ဟင်နရီဒူးနန့်ဆုများ ပေးအပ်ခဲ့သည်။ ထိုသူများအနက် ထင်ရှားသောစွမ်းဆောင်မှုများကြောင့် ၁၉၆၃ ခုနှစ် ဩဂုတ် ၁၂ ရက်က ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ချုပ်က ပေးအပ်သော ဖလောရင့်နိုက်တင်ဂေးဆုကို မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ဗိုလ်မှူး ဒေါ်ခင်အုန်းမြက ရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်ကလည်း ရိုမေးနီးယားနိုင်ငံ၌ ကျင်းပသည့် ၂၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်က ဟင်နရီဒူးနန့်ဆု ရရှိခဲ့သည်။

သို့ဖြစ်ရာ ဟင်နရီဒူးနန့်၏ စွန့်လွှတ်အနစ်နာခံမှု၊ လူသားချင်းစာနာထောက်ထားမှုတို့မှ အခြေပြုစတင်ကာ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီး ပေါ်ပေါက်ခဲ့သည်ဟုဆိုနိုင်သလို လူသားတို့၏အသက်ကို ရှေးဦးပြုစုခြင်းဖြင့်ကယ်တင်ရန် ထိုအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လူသားများအတွက် အကျိုးပြုနေသော ကြက်ခြေနီအဖွဲ့ကြီး၏ စွမ်းစွမ်းတမံကူညီစောင့်ရှောက်ပေးမှုများကို ယနေ့ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့တွင် ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၄၈၆၈၂၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေ၊ အခါကြီးရက်ကြီးတွေဆိုရင် ဝင်ရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားရိပ်တရားရိပ်က အေးချမ်းတဲ့အတွက် လာရောက်တရားထိုင်သူတွေလဲ ရှိပါတယ်။ ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီမှာလဲ သွားရောက်လေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေ များပြားပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၄၈၂၄၄ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၃၂၅၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၃၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ်ပုံမှန်အခြေအနေသာရှိနေ

**မန္တလေး မေ ၇**

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ် ပုံမှန်အခြေအနေသာရှိနေပြီး ဝယ်ယူမှုထက် ပြန်လည်ရောင်းချမှု များနေသေးကြောင်း မန္တလေးရွှေဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်း အတက်အကျအနေဖြင့် ယခင်တစ်ပတ်က အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၉၀၀၀၀ ရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၃၀၀၀၀ ရောက်ရှိခဲ့ကြောင်း သိရသည်။

"လက်ရှိ ပြည်တွင်းရွှေဈေးတွေ ပြန်ကျလာဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ဆက်တက်နိုင်ဖို့ပဲ ရှိနေတယ်လို့ သုံးသပ်ရမှာပါ။ လက်ရှိ အရောင်းအဝယ်ပိုင်းကတော့ ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၉ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၂၀၈၁ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၂ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၂၀၁၆ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

ဧပြီ ၃၀ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၈၅ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၉၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မေ ၆ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၂၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၁၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၃၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

# မန္တလေးဈေးကွက်အတွင်း မင်းဘူးဘက်မှထွက်ရှိသည့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး မေ ၇**

မန္တလေးဈေးကွက်အတွင်း မင်းဘူးဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း မင်းဘူးဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များ အဝယ်ပြန်လိုက်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း မင်းဘူးဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုရှိကြောင်း သိရသည်။

"အခု မင်းဘူးဘက်က ထွက်တဲ့ ကြက်သွန်နီတွေကို အချို့ကြက်သွန်နီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့ လုပ်ငန်းရှင်တွေက အဝယ်တော်တော်များလာတယ်။ မန္တလေး ဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ပြန်ပြီးကောင်းနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဧပြီလ နောက်ဆုံးပတ်က မင်းဘူးဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း မေ ၆ ရက် ပေါက်ဈေးအရ မင်းဘူးဘက်မှ ထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ ဈေးရှိကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံး အနေအထားမှာရှိနေတာကတော့ မင်းဘူးဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇေယျာသီရိမြို့နယ်၌ ဆပ်ပြာ၊ ဆပ်ပြာဆီနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်း

**နေပြည်တော် မေ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာယာကုန်းကျေးရွာအုပ်စု ဝဲကြီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည် ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးသော အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသန်းဦးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများ၊ သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ဇေယျာသီရိမြို့နယ်အတွင်းရှိ သာယာကုန်းကျေးရွာ၊ ရုံးပင်စောင်းကျေးရွာနှင့် ဝဲကြီးကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ဆပ်ပြာ၊ ဆပ်ပြာဆီနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၁ ရက်မှ ၇ ရက်ထိ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

**ရှိုးသန်းညွန့်**

# မြောက်ဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စစ်ဆေး

**မြောက်ဦး မေ ၇**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး လက်ရှိအသုံးပြုနေသော ရေအရင်းအမြစ်ပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ၊ မရှိ အခြေအနေများကို မေ ၆ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ရေရရှိရေးကော်မတီဝင်များနှင့်အတူ မြောင်းဘွေကျေးရွာ၌ အိမ်တိုင်ရာရောက်ရေပေးဝေရေးစနစ်နှင့် ပီပင်ရင်းကျေးရွာ၌ မြေသားရေကန် တူးဖော်လုပ်ငန်း ရေအရင်းအမြစ်များပုံမှန်လည်ပတ်သုံးစွဲနိုင်မှု ရှိ၊ မရှိနှင့် လက်ရှိ သောက်သုံးရေ သုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ဌာန၏ခွင့်ပြုရန်ပုံငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေတို့ဖြင့် ရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ပြောပြ၍ သိရသည်။ **ကိုသန်း**

# မအူပင်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ ဈေးကောင်းရရှိလာသဖြင့် တောင်သူများအဆင်ပြေ



**မအူပင် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ဒေသထွက် ပဲတီစိမ်းများ ဈေးကောင်းရရှိလာသဖြင့် ဒေသခံတောင်သူများ အဆင်ပြေနေကြောင်း မအူပင်မြို့မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လက ပဲတီစိမ်း (ခရမ်းရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀၊ ပဲတီစိမ်း(အညာရွှေဝါ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိသာ ဈေးရှိခဲ့ရာ ဧပြီလ ဒုတိယပတ်မှ ယနေ့ထိ ပဲတီစိမ်း(ခရမ်းရွှေဝါ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၂၅၀၀ ထိ ဈေးရှိလာပြီး ပဲတီစိမ်း (အညာရွှေဝါ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါပဲတီစိမ်းများ ဈေးကောင်းရရှိလာသည့်အတွက် တောင်သူများ အဆင်ပြေလာကြောင်း သိရသည်။

"အခုဒေသထွက် ပဲတီစိမ်းတွေ အဝယ်လိုက်နေတယ်။ အရင်လတွေထက်လဲ ပဲတီစိမ်းဈေးကကောင်းလာပါတယ်။ အခုလို ဈေးကောင်းရရှိနေတာကြောင့် ပဲတီစိမ်းစိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေလာတယ်။ အခုပဲတီစိမ်းတွေ ဈေးကောင်းရရှိတာကလဲ အိန္ဒိယနိုင်ငံက အဝယ်လိုက်နေတာကြောင့်ပါ။ ဒေသထွက် ပဲတီစိမ်းတွေကို ပြည်တွင်း ရန်ကုန်မြို့ကို အဓိကတင်ပို့ရောင်းချနေတယ်။ ရန်ကုန်မြို့ကနေ ပြည်ပနိုင်ငံတွေကို တစ်ဆင့်တင်ပို့ရောင်း ချနေတာပါ။ လာမဲ့လတွေထိ ပဲတီစိမ်းတွေ ဈေးကောင်းလာဖို့ရှိပါတယ်။ လက်ကျန် ပဲတီစိမ်းတွေ နည်းလာတာနဲ့အမျှ ဈေးကောင်းလာမှာပါ"ဟု မအူပင်မြို့မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ထွက်ရှိသည့် ပဲတီစိမ်းများကို သုံးတင်းဝင်အိတ်များဖြင့်ထည့်ကာ ရန်ကုန်မြို့သို့ ကုန်တင်ကား၊ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ အဆိုပါတင်ပို့ရောင်းချနေသည့် ပဲတီစိမ်းများကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း မအူပင်မြို့မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မေ ၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၄၅ သန်းနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၃၃ ဒသမ ၃၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ငွေကျပ် ၅၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**

# ယခုနှစ် မေလအတွင်း နေပြည်တော်၌ မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ကျင်းပပြုလုပ်မည်

**ရန်ကုန် မေ ၇**

ယခုနှစ် မေလအတွင်း နေပြည်တော်၌ မြန်မာ(နေပြည်တော်)-တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ သတင်းများအရ သိရသည်။

မြန်မာ(နေပြည်တော်)-တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ယခုနှစ် မေ ၂၅ ရက်မှ ၂၈ ရက်ထိ လေးရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ တရုတ်နိုင်ငံမှ အစိုးရနှင့် ပုဂ္ဂလိကကုန်သည်လုပ်ငန်းရှင်ဦးရေ ၁၅၀ ကျော် လာရောက်မည်ဖြစ်ပြီး ကော်ဖီနှင့် လက်ဖက်ခြောက်၊ မက္ကဒေးမီးယား၊ အသင့်စား စားသောက်ကုန်များ၊ ဆိုလာစွမ်းအင်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးနှင့်အခြားလူသုံးကုန်ပစ္စည်းများကို ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အဆိုပါကုန်စည်ပြပွဲတွင် မြန်မာပြခန်း ၆၀ ၌ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ (MSMEs) အပါအဝင် မြန်မာကုန်သည် လုပ်ငန်းရှင်များ၊ ကုန်သည်အသင်းအဖွဲ့များမှ တရုတ်နိုင်ငံသို့တင်ပို့ရန် အလားအလာရှိသည့် မြန်မာ့ထုတ်ကုန်များ ပါဝင်ပြသမည်ဖြစ်သည်။

ထို့ကြောင့် စီးပွားရေးကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသော ကုန်သည်များနှင့် လုပ်ငန်းရှင်များအနေဖြင့် ပြခန်းတစ်ခန်း ငှားရမ်းခအတွက် ငွေကျပ်ငါးသိန်းကျသင့်မည်ဖြစ်ပြီး ပြခန်းများကို Onlin eregis- tration ဦးရာလူစနစ်ဖြင့် ငှားရမ်းခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ(နေပြည်တော်)-တရုတ် (လင်ချန်း)စီးပွားရေးကုန်စည်ပြပွဲကိုစတုတ္ထအကြိမ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပြပွဲသို့ ပါဝင်ပြသလိုသည့် မြန်မာကုမ္ပဏီ လုပ်ငန်းရှင်များအနေဖြင့် https://forms. gle/nAdM4eTATWnKLxM7တွင် မှတ်ပုံတင်စာရင်းဖြည့်သွင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။ SKL



# လမ်းမှန်သိမြင်

ချစ်နိုင် ( စိတ်ပညာ )

**"အသိဉာဏ်ကင်းမဲ့သည့်၊ ပညာဉာဏ်ခေါင်းပါးသည့်၊ မိုက်မှားစွာ ညီညွတ်နေသည့် ဒီမိုကရေစီခေတ်ကြီးမျိုးကိုတော့ မည်သူမျှလိုလားမည်မဟုတ်ပါ။**

**ဖွံ့ဖြိုးတိုးတက်သော၊ ဉာဏ်ပညာရှိသော ဒီမိုကရေစီခေတ်ကြီးကို လိုလားမျှော်မှန်းကြရသည်သာ ဖြစ်ပါသည်။"**

**အောင်သင်း(၁၉၂၇-၂၀၁၄)**

**(လူငယ်နှင့် အမိုက်တရား၊ လူငယ်နှင့်အသိပညာမှ)**

နိုင်ငံတော်အစိုးရက ဘဝတစ်လျှောက်လုံးစာပေ ရေးသားပြုစုခြင်းအားဖြင့် တိုင်းပြည်နှင့် လူမျိုးကို ကောင်းကျိုးကျေးဇူးကြီးမားစွာ ပြုပေးခဲ့ကြသည့် စာရေးဆရာ၊ စာပေပညာရှင်ကြီးများကို စာဆိုတော်နေ့ နတ်တော်လဆန်း ၁ ရက်တွင် **"အမျိုးသားစာပေ တစ်သက်တာဆု"**ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ဆရာကြီး၊ ဆရာမကြီးပေါင်း ၃၀ ကျော်ရှိလာခဲ့ပေပြီ။ ပထမဦးဆုံး အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်အတွက် ဆရာကြီးပါရဂူ(၁၉၂၁-၂၀၁၁)ကို ရွေးချယ်ဂုဏ်ပြုချီးမြှင့်သည်။ ဆရာကြီးမောင်ထင် (၂၀၀၂)၊ ဆရာကြီးငွေးမောင်(၂၀၀၃)၊ ဆရာကြီး လေးမြိုင်(၂၀၀၄) စသည်ဖြင့် စာပေအနုပညာ မိုးကောင်းကင်တွင် အစဉ်တောက်ပနေမည့် ကြယ်ပွင့်များကို နိုင်ငံတော်က သက်ရှိထင်ရှားရှိစဉ် ချီးမြှင့်ပူဇော်ခြင်းများပင်။ ဤကဲ့သို့ချီးမြှင့်ဂုဏ်ပြုခံရသူ စာပေပညာရှင်ကြီးများတွင် **"ဆရာကြီးဦးအောင်သင်း(၁၉၂၇-၂၀၁၄)"**လည်းပါဝင်သည်။

ဆရာကြီးသည် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့်ကဗျာလင်္ကာတို့ကို သိသာထင်ရှားလောက်အောင် မရေးသားခဲ့သော်လည်း စာပေဆောင်းပါး၊ အနုပညာဝေဖန်သုံးသပ်ချက်ဆောင်းပါး၊ ပညာရေးဆိုင်ရာဆောင်းပါးများနှင့် လူငယ်များအတွက် လမ်းညွှန်အားပေးသောဆောင်းပါးများကိုကား အဆက်မပြတ်စိတ်အားထက်သန်စွာ ရေးသားဟောပြောနိုင်စွမ်းရှိသူဖြစ်၏။ စာဖတ်ပရိသတ်၊ စာပေဟောပြောပွဲပရိသတ်ကို အသိဉာဏ်ဗဟုသုတသာမက ခံစားချက်ရသသဘောပါ ရိုက်ခတ်ခံစားနိုင်အောင် ရေးသားဟောပြောနိုင်သည့် စာရေးဆရာကြီးဖြစ်ပါပေသည်။ စာပေလောကဝယ် တချို့က စာရေးကောင်းကြ၏။ အဟောအပြောတွင်တော့ မကောင်းလှပေ။ တချို့က စာရေးရာတွင် သာမန်မျှဖြစ်ကြသော်လည်း အဟောအပြောအရာတွင် ပွဲကျလောက်အောင် ဟောပြောနိုင်လေသည်။ အရေးအသားရော အဟောအပြောပါ ပရိသတ်နှစ်သက်လက်ခံသည့် စာရေးဆရာမျိုးကား များများစားစား မရှိလှချေ။

ဆရာအောင်သင်းကို လူငယ်စာဖတ်ပရိသတ်က အထူးလေးစားနှစ်သက်သဘောကျကြခြင်းမှာ ပွင့်လင်းခြင်း၊ ရှင်းလင်းခြင်းနှင့် လူငယ်များကို တိုးတက်မြင့်မားကြစေလိုသော (မိဘဆရာစိတ်ထား)ကြီးမားထင်ရှားနေခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ သူက ကောင်းမွန်သောစကား၊ မှန်ကန်သောစကား၊ အကျိုးရှိသောစကားမျိုးဆိုလျှင် ဖတ်သူကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်း(ပွင့်လင်းစွာ) ရေးတတ်သည်။ တချို့က "စာပေလူကြမ်းမင်းသား"ဟုပင် အမည်တပ်ခဲ့ကြဖူးသည်။ **"အသိဉာဏ်ကင်းမဲ့သည့်၊ ပညာဉာဏ်ခေါင်းပါးသည့်၊ မိုက်မှားစွာ ညီညွတ်နေသည့် ဒီမိုကရေစီခေတ်ကြီးမျိုးကိုတော့ မည်သူမျှလိုလားမည်မဟုတ်ပါ"**ဟု သူမှီသာ ပြောရဲရေးရဲပေသည်။ ၂၀၁၇ ခုနှစ်တွင် ဆရာကြီးအောင်သင်း အသက် ၉၀ ပြည့်နှစ် အမှတ်တရစာအုပ်အနေဖြင့် ထုတ်ဝေခဲ့သော **"လူငယ်နှင့် အမိုက်တရား၊ လူငယ်နှင့်အသိပညာ"**စာအုပ်၌ အထက်ပါအတိုင်း ရေးသားခဲ့ခြင်းပင်။ ဒီမိုကရေစီခေတ်ဆိုသည်မှာ ဉာဏ်ပညာရှိကြသော ပုဂ္ဂိုလ်များ၊ ပြည်သူအများစုက မိမိမနှစ်သက်၊ မထောက်ခံသော၊ အယူအဆမတူကြသော အခြားလူများကိုလည်း အတူတကွ မေတ္တာမပျက် လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ကြသောသူများ ဖြစ်ဖို့ရာလိုသည်မဟုတ်ပါလား။ ငါနှင့်မတူသူ ငါ့ရန်သူဟုသတ်မှတ်ပြီး ရန်၊ ငါ စည်းခြားကာ လက်နက်ဖြင့် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်နေကြမည်ဆိုလျှင် ဒီမိုကရေစီစနစ်ဖြစ်ထွန်းနိုင်ပါဦးမည်လား။

လူတွေမှာ ဆင်ခြင်တုံတရားကင်းမဲ့နေကြ၍မရပါ။ ဉာဏ်ပညာအသိတရား၊ စာနာမှု၊ နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ ရိုးသားမှန်ကန်မှုရှိကြပါမှသာ ဒီမိုကရေစီစနစ်ထွန်းကားပါလိမ့်မည်။ ပြောတော့ မိုးဆီသို့ လက်ညှိုးညွှန်ပြနေပါသော်လည်း တကယ်ထိုးတော့ မြေကြီးဆီစိုက်နေပါက အပြောတခြား အလုပ်တခြား၊ ခုတ်ရာတစ်လွဲ၊ ရှရာတခြား မဖြစ်ပေဘူးလား။ စဉ်းစားဆင်ခြင်ကြပါမှ လမ်းမှားလမ်းလွဲများ သိမြင်မည်။ မှတ်မှတ်ရရတင်ပြရသော် ဆရာကြီးအောင်သင်းသည် ၁၉၉၈ ခုနှစ်ဆီက ဈေးကွက်ဂျာနယ်တွင် မြတ်စွာဘုရားဟောကြားတော်မူသော **"ဇောဓိရာဇကုမာရသုတ်"**အကြောင်းကို ဆောင်းပါး ငါးပုဒ်၊ ငါးပတ်တိတိရေးသားခဲ့ပေသည်။ ထိုအချိန်က ဆရာကြီး အသက်အရွယ်က ၇၀ ကျော်စဖြစ်သည်။ အနယ်နယ်အရပ်ရပ်သို့ စာပေဟောပြောပွဲများ နှစ်လုံးပေါက်နီးပါးလှည့်လည်ဟောပြောရင်း ဒေသမျိုးစုံမှ မြို့ရွာတောပါ လူငယ်ပရိသတ်ပေါင်းများစွာနှင့် နှုတ်ဖူးတွေ့ ဒူးတွေ့ သူမြင်တွေ့သိရှိခဲ့ရသည်။ လူငယ်တွေမှာ ဘာလိုနေသလဲ။

❖ ဒီမိုကရေစီခေတ်ဆိုသည်မှာ ဉာဏ်ပညာရှိကြသော ပုဂ္ဂိုလ်များ၊ ပြည်သူအများစုက မိမိမနှစ်သက်၊ မထောက်ခံသော၊ အယူအဆမတူကြသော အခြားလူများကိုလည်း အတူတကွ မေတ္တာမပျက် လက်တွဲပူးပေါင်း ဆောင်ရွက်နိုင်ကြသောသူများဖြစ်ဖို့ရာ လိုသည်မဟုတ်ပါလား။ ငါနှင့်မတူသူ ငါ့ရန်သူဟုသတ်မှတ်ပြီး ရန်၊ ငါ စည်းခြားကာ လက်နက်ဖြင့် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်နေကြမည်ဆိုလျှင် ဒီမိုကရေစီစနစ်ဖြစ်ထွန်းနိုင်ပါဦးမည်လား။ လူတွေမှာ ဆင်ခြင်တုံတရားကင်းမဲ့နေကြ၍မရပါ။ ဉာဏ်ပညာအသိတရား၊ စာနာမှု၊ နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ ရိုးသားမှန်ကန်မှုရှိကြပါမှသာ ဒီမိုကရေစီစနစ်ထွန်းကားပါလိမ့်မည်။ ❖

လူငယ်များ အသိဉာဏ်ပညာဆည်းပူးလေ့လာကြဖို့ရာ များစွာလိုအပ်နေသည်။ ကြီးမားကျယ်ဝန်းနေသော ထိုကွက်လပ်ကို လူငယ်ထုကိုယ်တိုင်က စာပေဖတ်ရှုလေ့လာမှသာ အသိအလိမ္မာတိုးလာနိုင်ကြောင်း ဆရာကြီးက ရှင်းလင်းလမ်းညွှန်လေ့ရှိခဲ့၏။ ထို့ကြောင့် ဇောဓိရာဇကုမာရသုတ်ကို သူ့အကျယ်တဝင့် ရေးသားခဲ့ခြင်းပင်ဖြစ်လောက်၏။

အနှစ်ချုပ်ဖော်ပြရသော် မြတ်စွာဘုရားရှင် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့အနီးရှိ ပဲစင်းငုံတောမှာ သီတင်းသုံးနေခိုက် ဇောဓိမင်းသားက သူ့အိမ်တော်အသစ်စက်စက် အိမ်သစ်တက်ပွဲအတွက် ဘုရားရှင်အား နေ့ဆွမ်းကပ်ပြီး မေးလျှောက်ခြင်းဖြစ်သည်။

ဇောဓိမင်းသားက "မြတ်စွာဘုရား တပည့်တော် စိတ်ထဲမှာ ချမ်းသာကိုရင်းနှီးပြီး ချမ်းသာကိုမရနိုင်၊ ဆင်းရဲကို ရင်းနှီးမှသာ ချမ်းသာကိုရနိုင်တယ်လို့ ထင်နေမိပါတယ်ဘုရား"

မြတ်စွာဘုရားရှင်က မိန့်သည် "မှန်ပေသည် အသင်မင်းသား၊ ချမ်းသာကို ရင်းနှီးပြီး ချမ်းသာကို မရနိုင်။ ဆင်းရဲကို ရင်းနှီးမှသာ ချမ်းသာကိုရနိုင်ပေတယ်။ ငါဘုရားသည်ပင်လျှင် ထိုကဲ့သို့သော အကြံရှိသောကြောင့် ပျိုမျစ်သေးသော အရွယ်၌ပင်လျှင် စည်းစိမ်ချမ်းသာဟူသမျှကိုစွန့်၍ ဆင်းရဲကိုရင်းနှီးကာ နိဗ္ဗာန်ချမ်းသာကိုရှာခဲ့ပေတယ်"

ဇောဓိမင်းသားကမေးသည် "အရှင်မြတ်စွာဘုရား။ လူတစ်ယောက်ကို အရှင်ဘုရား၏ မဂ်ဖိုလ်ပညာသင်ပေးရင် အချိန်ဘယ်လောက်ကြာမှ တတ်မြောက်နိုင်မှာပါလဲဘုရား"

မြတ်စွာဘုရားရှင်က ပြန်၍မေးသည် "သင်မင်းသားသည် ဆင်စီး၊ ချွန်းကိုင်အတတ်ကို တတ်တယ်မဟုတ်လား"

"တတ်ပါတယ်ဘုရား"

"တစ်ပါးသူကိုကော သင်ပေးနိုင်ပါသလား"

"သင်ပေးနိုင်ပါတယ်ဘုရား"

"ကောင်းပြီ လူတစ်ယောက်ကို သင်မင်းသားက သင်ပေးရမယ်။ သူဟာ ၁။ **ယုံကြည်မှု**လည်း မရှိ၊ ၂။ ရောဂါထူ၍ **ကျန်းမာရေး**လည်း မကောင်း၊ ၃။ မာယာများ၍ **ရိုးသားမှု**လည်း မရှိ၊ ၄။ ဖျင်းရိလျက် **လုံ့လ**လည်း မရှိ။ ၅။ **ဉာဏ်**လည်း မရှိ။ ထိုသူကို သင်မင်းသား သင်ပေးနိုင်ပါမည်လား။

"အရှင်ဘုရားပြောတဲ့ ငါးချက်ထဲမှာ အင်္ဂါရပ်တစ်ချက်ချို့ယွင်းနေရင်တောင် ဆင်စီးလည်း မတတ်နိုင်ပါ။ ချွန်းကိုင်လည်း မတတ်နိုင်ပါ။ ထိုအင်္ဂါရပ် ငါးခုစလုံးစုံနေလျှင်တော့ ပြောဖွယ်မရှိတော့ပါဘုရား"

"ဒါဖြင့်ရင် လူတစ်ယောက်ကို ဆင်စီးချွန်းကိုင်အတတ်ကို သင်ပေးရမယ်။ သူဟာ ယုံကြည်မှုလည်းရှိတယ်။ ကျန်းမာရေးလည်းကောင်းတယ်။ ရိုးသားတယ်။ လုံ့လဝီရိယလည်းရှိတယ်။ ဉာဏ်လည်းကောင်းတယ်။ အဲဒီလိုဆိုရင်ကော. . ."

"အင်္ဂါရပ်တစ်ခုလောက်ပါလျှင်ပင် သင်ပေးနိုင်ပါတယ်။ ငါးရပ်စလုံးပြည့်စုံလျှင်ကား ဆိုဖွယ်မရှိတော့ပါဘုရား"

"ကောင်းပြီ။ အသင်မင်းသား ဤအတိုင်းပဲ အင်္ဂါငါးပါးပြည့်စုံသူဖြစ်လျှင် ခုနစ်နှစ်ကျင့်ရင် တရားထူးကို ရနိုင်တယ်။ တချို့က တစ်နှစ်ကျင့်ရင် ရနိုင်တယ်။ တချို့က တစ်လကျင့်ရင် ရနိုင်တယ်။ တချို့က တစ်ပတ်ကျင့်ရင် ရနိုင်တယ်။ တချို့က တစ်ရက်ကျင့်ရင် ရနိုင်တယ်။ သင်မင်းသား နံနက်မှာ ဆုံးမလိုက်ပြီး ညဉ့်ဦးတွင် တရားထူးကိုရနိုင်တယ်"

"အရှင်ဘုရား အလွန်ထူးခြားအံ့ဩဖွယ်ကောင်းလှပါပေတယ်ဘုရား"

ဆရာကြီးက လူငယ်များအတတ်ပညာကို ဆည်းပူးလေ့လာ၊ လေ့ကျင့်ကြရန်အတွက် အထက်ပါအခြေခံလိုအပ်ချက် ငါးခုသော အင်္ဂါရပ်များကို အကျယ်ဖွင့်ပြရှင်းလင်းရေးသားထားပါသေး၏။ ယုံကြည်မှု၊ ကျန်းမာရေး၊ ရိုးသားမှု၊ လုံ့လဝီရိယနှင့် ဉာဏ်ပညာရှိကြရန် တိုက်တွန်းအားပေးသည်။

အချို့အချို့သော လူငယ်တို့မှာလူတော်လူကောင်း၊ လူမွန်လူချွန်ဖြစ်အောင် ကြိုးစားအားထုတ်လိုစိတ်နည်းပါး၊ အလွယ်တကူဖြတ်လမ်းဖြင့် အချောင်နိုက်၍ မရိုးမသားနှင့် ပြုမူချင်သည့်စိတ်က လွှမ်းမိုးစွာရှိနေကြလေသည်။ အများထောက်ပြအပြစ်ဆိုနေခြင်းမဟုတ်ပေ။ လူငယ်များကို လမ်းမှားရောက်အောင် မီဒီယာလှိုင်းများဖြင့် အဝေးမှနားသွင်း၍ မှိုင်းတိုက်ခြင်းများ ခံစားခဲ့ကြရသည်။

အဖျက်စိတ်ထား၊ စိတ်ပုပ်စိတ်ယုတ်များကိုလည်း ထည့်သွင်းခဲ့ကြသည်။ ပန်းတိုင်မရှိအောင်၊ မထားအောင်၊ ကောင်းသောပန်းတိုင်ပျောက်အောင်၊ စိတ်ပျက်အောင်၊ တွေဝေယိမ်းယိုင်ပျော့ညံ့အောင်၊ ဖျက်ဆီးရန်လိုစိတ်များသာ လွှမ်းမိုးနေအောင်၊ အမုန်းအငြိုးများ တိုးပွားအောင် ပြည်ပမှသွေးထိုးလှုံ့ဆော်ကုန်းတိုက်ခံခဲ့ကြရသည်။

အခြေအနေမှန်ကို ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ စဉ်းစားသုံးသပ်လျက် လမ်းကောင်းလမ်းမှန်သိမြင် ရွေးချယ်နိုင်ကြပါစေဟု ဆန္ဒပြုရပေသည်။

## တောင်သာမြို့နယ် လယ်ကွက်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**တောင်သာ မေ ၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက လယ်ကွက်ကြီးကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးခဲ့သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မေ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် တာဝန်ရှိသူများက လယ်ကွက်ကြီးကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အကျိုးကျေးဇူးများကို ရေရှည်ခံစားနိုင်စေရန်၊ အကျိုးရှိရှိ အသုံးချပြီး ထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

လယ်ကွက်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ တို့ဖြင့် လမ်းအရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ အတွင်းက ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၁၂ အိမ်၊ လူ ၃၈၉ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ရှမ်းဦးကို**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းကုမ္ပဏီ ၃၆ ခုက ဆန်နှင့် ဆန်ကွဲတန်ချိန် ၈၇၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့

**နေပြည်တော် မေ ၇**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်းကုမ္ပဏီ ၃၆ ခုက ဆန်နှင့် ဆန်ကွဲတန်ချိန် ၈၇၀၀၀ ကျော် တင်ပို့ရောင်းချပေးခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီလတွင် ပြည်တွင်း ဆန်တင်ပို့သည့်ကုမ္ပဏီ ၃၆ ခုက ဆန်နှင့်ဆန်ကွဲ ၈၇၆၄၈ တန်ထိ တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ထိုသို့တင်ပို့ရောင်းချပေးရာတွင် ဆန် ၄၇၈၈၈ တန်နှင့် ဆန်ကွဲတန်ချိန် ၃၉၇၆၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆန်နှင့် ဆန်ကွဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့် ဆန်ကွဲတန်ချိန် ၈၅၃၆၀ နှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဆန်နှင့်ဆန်ကွဲ ၂၂၈၈ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဧပြီလအတွင်းက ဆန်နှင့် ဆန်ကွဲများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ ၃၆ နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကိုဖောက်သည်ဈေးကွက်နိုင်ငံ ၂၅ နိုင်ငံနှင့် ဆန်ကွဲကို ဖောက်သည်ဈေးကွက်နိုင်ငံ ၁၁ နိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့တင်ပို့ရောင်းချပေးခဲ့ရာတွင် ဆန်အများဆုံးတင်ပို့ရောင်းချရသည့် နိုင်ငံ ငါးနိုင်ငံမှာ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စပိန်နိုင်ငံ၊ တူရကီနိုင်ငံ၊ အီတလီနိုင်ငံတို့ဖြစ်ပြီး ဆန်ကွဲအများဆုံးတင်ပို့ရောင်းချရသည့် နိုင်ငံ ငါးနိုင်ငံမှာ ဘယ်လ်ဂျီယံနိုင်ငံ၊ တရုတ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတလီနိုင်ငံ၊ CZECH REPUBLIC နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ နှစ်စဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ ၂၁၆၄၆၈၁ တန်နှင့်၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ ၂၂၆၁၂၀၃ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်းထိ တင်ပို့ရောင်းချပေးနိုင်ရေး လျာထားဆောင်ရွက်နေကြောင်း သိရသည်။

SKL



# မူဆယ်မြို့နယ် မန့်ခုံလုံကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေး

**မူဆယ် မေ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစားနှင့်အငယ်စား စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ မန့်ခုံလုံကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို မေ ၆ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသွယ်မျိုးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ကျေးရွာကော်မတီဝင်များက အဆိုပါကျေးရွာ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အစုအဖွဲ့များဖြစ်သော ရတနာဝေ ဝက်မွေးမြူရေး၊ နမ့်မော်ဆိုင် ကြံစိုက်ပျိုးရေး၊ ချယ်ရီမြေကြံစိုက်ပျိုးရေး၊ Power ကြံစိုက်ပျိုးရေး အစုအဖွဲ့တို့မှ အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ဒုတိယအကြိမ်အဖြစ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ရန်ပုံငွေကျပ် ၃၀ ဒသမ ၅၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နိုးမိုးကျော်**

## ဂုဏ်ရောင်ဝင့်ထည် ကြက်ခြေနီ

\- ကြက်ခြေနီ ကြက်ခြေနီ
ပြည့်ကျိုးမြှင့်ဖို့ ဆောင်ရွက်သည်၊
အများပြည်သူ ပြည့်အကျိုး
ရွက်ကာသယ်ကာပိုး။

\- ကိုယ်ကျိုးမငဲ့ မကြည့်ပြီ
စိတ်က ပြည်သူဆီ၊
အများပြည်သူ ရှင်သန်ဖို့
ရည်ရွယ်ကြိုးပါစို့။

\- ရှေ့သို့ ကြိုးကြ မနားပြီ
ရှေးဦးပြုစုမည်၊
အန္တရာယ်တွေသည် ရှောင်ရှားဖို့
ကြိုးလို့ကာကွယ်ကြပါစို့။

\- သယ်စို့ပိုးစို့ မနားပြီ
ပြည်သူ့အတွက်ရည်၊
ပြည်သူတွေသည် ကြည်ရွှင်လန်း
တို့တွေစိတ်လည်းလန်း။

\- ဝမ်းပန်းသာလို့ စိတ်ကြည်လင်
ပြည်သူကျန်းမာလျှင်၊
ပြည်သူတွေသည် တို့အရှင်ပဲ
ရင်ထဲမှတ်လို့စွဲ။

\- ရင်ထဲပီတိ ဖြစ်ရသည်
ကျန်းမာချမ်းသာပြီ၊
ကြည်သာရွှင်ကြည် စဉ်မြဲဖို့
စောင့်ရှောက်ကြပါစို့။

\- ကြက်ခြေနီတို့ ရှေ့သို့ချီ
ပြည်အားစောင့်ရှောက်တည်၊
ပြည်သူတွေသည် ကျန်းမာမှ
ပြည်ကားစည်ပင်လှ။

\- ကျန်းမာကြတဲ့ ပြည်မှာလေ
ထွန်းကားအလှဝေ၊
လူတွေကျန်းမာ ပြည်အေးချမ်း
ကြက်ခြေနီရဲ့အစွမ်း၊
လျှမ်းပထုံစီမွှန်း၊
ပြည်ရဲ့အလှပန်း။ ။

**ပြေအေးသက်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ဂျပန်ဝန်ကြီးချုပ်ဖူမီယိုကီရှီဒါနှင့် သမ္မတယွန်ဆွတ်ယိုးတို့ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ တွေ့ဆုံဆွေးနွေး



**ဆိုးလ် မေ ၇**

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိခဲ့ပြီး တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တောင်ကိုရီးယားနှင့် ဂျပန်တို့ကြားပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတိုင်ပင်မှုများသည်နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားအတွက် အရေးကြီးကြောင်း တောင်ကိုရီးယား-ဂျပန် ထိပ်သီးဆွေးနွေးပွဲ မစတင်မီ တောင်ကိုရီးယားသမ္မတက ပြောကြားခဲ့သည်။

ယနေ့ ထိပ်သီးညီလာခံတွင် ဂျပန်နှင့် တောင်ကိုရီးယား ခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့် မြောက်ကိုရီးယားပြဿနာအပါအဝင် ကမ္ဘာ့ပြဿနာများနှင့်ဒေသတွင်းပြဿနာများကို ဆွေးနွေးကြမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ၏ ယနေ့ခရီးစဉ်သည်၁၂နှစ်တာကာလအတွင်း ဂျပန်ခေါင်းဆောင်တစ်ဦး၏ ပထမဆုံး တောင်ကိုရီးယားခရီးစဉ်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည်ယခုလကုန်ပိုင်းအတွင်း ဂျပန်နိုင်ငံ၌ ကျင်းပမည့် ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲအတွက် ဂျပန်နိုင်ငံသို့ လာရောက်ရန် တောင်ကိုရီးယားသမ္မတကို ဖိတ်ကြားထားကြောင်း သိရသည်။

တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံတို့သည်အမေရိကန်နိုင်ငံ၏ အဓိကမဟာမိတ်များ ဖြစ်ကြသော်လည်း သမိုင်းကြောင်းဆိုင်ရာပြဿနာများနှင့် ကုန်သွယ်ရေးပြဿနာများကြောင့် ဆက်ဆံရေးမကျေမလည်ဖြစ်ခဲ့ရကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏ ယခုနှစ်ဧပြီလတွင် ဒေါ်လာ ၃ ဒသမ ၂၀၅ ထရီလီယံထိရှိ

**ပေကျင်း မေ ၇**

ယခုနှစ်ဧပြီလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏမှာ မျှော်လင့်ထားသည်ထက် ပို၍ မြင့်တက်လာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အခြား ငွေကြေးစနစ်များနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာငွေကြေးစနစ်တန်ဖိုး ကျနေစဉ် တရုတ်နိုင်ငံက လက်ဝယ်ကိုင်ထားနိုင်သော နိုင်ငံခြားအရန်ငွေပမာဏ မြင့်တက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏသည် ယခုနှစ်ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၅ ထရီလီယံထိ ရှိခဲ့ရာ ယခုနှစ် မတ်လ နိုင်ငံခြားအရန်ငွေပမာဏနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ ပိုတိုးလာကြောင်း တရုတ်အစိုးရ၏ တရားဝင် စာရင်းဇယားများအရ သိရသည်။

ယခုနှစ်မတ်လအတွင်း တရုတ်နိုင်ငံ၏နိုင်ငံခြားအရန်ငွေပမာဏမှာ ရိုက်တာသတင်းဌာနက စစ်တမ်းအရ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၈၄ ထရီလီယံထိ ရှိခဲ့သည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေပမာဏသည် ကမ္ဘာပေါ်၌ အများဆုံး နိုင်ငံခြားအရန်ငွေပမာဏဖြစ်ကြောင်း သိရသည်။

တရုတ်ယွမ်ငွေ တန်ဖိုးသည် ယခုနှစ် ဧပြီလအတွင်း အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ငွေတန်ဖိုးသုည ဒသမ ၆၃ ရာခိုင်နှုန်းကျဆင်းခဲ့ရပြီး အမေရိကန်ဒေါ်လာကမူ အခြားအဓိက ငွေကြေးစနစ်များနှင့် နှိုင်းယှဉ်ပါက ငွေတန်ဖိုးကျဆင်းခဲ့ရကြောင်း သိရသည်။ KKO

## ရုရှားယူကရိန်းလ်တောင်တန်းဒေသ တောမီးကြောင့် သေနတ်ယမ်းမှုန့်သိုလှောင်ရေးစခန်းမီးလောင်

**မော်စကို မေ ၇**

ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်းဒေသ၌ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် သေနတ်ယမ်းမှုန့်သိုလှောင်ရေးစခန်းတစ်ခု မီးလောင်ကျွမ်းခဲ့ရာ အနီးအနား၌ ကျေးရွာငယ်တစ်ရွာမှ ပြည်သူများကို ဘေးလွတ်ရာသို့ တာဝန်ရှိသူများက ရွှေ့ပြောင်းပေးခဲ့ရကြောင်းရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သေနတ်ယမ်းမှုန့်သိုလှောင်ရေးစခန်းမီးလောင်မှုသည် ယူရယ်လ်တောင်တန်းဒေသ ဆဗာလော့ခ်နယ်မြေ၌ မေ ၆ ရက် ညနေပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့သော် သေနတ်ယမ်းမှုန့်သိုလှောင်ရုံ မီးလောင်ကျွမ်းမှုကြောင့် လူသူအထိအခိုက်မရှိခဲ့ကြောင်း ရုရှားတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အဆိုပါသိုလှောင်ရုံသည် တောမီးကူးစက်ရာမှတစ်ဆင့် မီးလောင်ကျွမ်းခဲ့ရခြင်းဖြစ်ကြောင်း ဆဗာလော့ခ်ဒေသ အုပ်ချုပ်ရေးမှူးက သတင်းထုတ်ပြန်ထားသည်။

ဆဗာလော့ခ်ဒေသ၌ လောင်ကျွမ်းနေသည့် တောမီးများသည် အခြားကျေးရွာများကိုလည်း ခြိမ်းခြောက်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ တောမီးသည် သစ်တောမြေအကျယ်အဝန်းစတုရန်း ၇၇ မိုင်တွင် လောင်ကျွမ်းနေပြီး ရာသီဥတု ခြောက်သွေ့မှုနှင့် လေပြင်းထန်မှုတို့ကြောင့်အခြေအနေ ပိုဆိုးလာနိုင်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။ KKO

## အမေရိကန်နိုင်ငံ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံးလူရှစ်ဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရရှိ



**နယူးယောက် မေ ၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အယ်လ်လန်းမြို့ ဈေးဝယ်ကုန်တိုက်တစ်ခု၌ မေ ၆ ရက် ညနေပိုင်းက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူရှစ်ဦး သေဆုံး၍ ခုနစ်ဦးဒဏ်ရာများရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပစ်ခတ်မှုကျူးလွန်သူ သေနတ်သမားမှာလည်း ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ တားဆီးပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေနတ်သမားသည် ကုန်ပဒေသာတိုက် ပစ်ခတ်မှုကို တစ်ဦးတည်းအနေဖြင့် ကျူးလွန်ခဲ့ဖွယ်ရှိကြောင်း အယ်လ်လန်းရဲတပ်ဖွဲ့က သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် သေနတ်သမားအနေဖြင့် အဘယ်ကြောင့်ပစ်ခတ်မှု ကျူးလွန်ခဲ့ရသည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အမေရိကန်နိုင်ငံ၌ လူအများအပြားကို သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားခဲ့ရာ ယခုနှစ်အတွင်းမှာပင် ယင်းကဲ့သို့ တိုက်ခိုက်မှုများကြောင့် လူပေါင်းအနည်းဆုံး ၁၉၈ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

လူလေးဦးနှင့်အထက် ဒဏ်ရာရခဲ့မှု သို့မဟုတ် သေဆုံးခဲ့ရသည့် သေနတ်ပစ်ခတ်မှုများကို လူအများအပြားအား သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုအဖြစ် သေနတ်ကိုင်အကြမ်းဖက်မှုဆန့်ကျင်ရေးအဖွဲ့များက သတ်မှတ်ထားကြောင်း သိရသည်။ KKO

## အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ဆီးရီးယားကို ပြန်လည်ထည့်သွင်းရန် အာရပ်နိုင်ငံများ မဲခွဲဆုံးဖြတ်မည်

**ကိုင်ရို မေ ၇**

အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် ပြန်လည်ထည့်သွင်းရေးအတွက် ယနေ့တွင် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် ပြန်လည်ထည့်သွင်းရေးအတွက် အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများ၏ ဆွေးနွေးမဲခွဲပွဲကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပလျက်ရှိသည်။



အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံကို ဆော်ဒီအာရေဗျနိုင်ငံ၌ မေ ၁၉ ရက်တွင် မကျင်းပမီ ဆီးရီးယားကို အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် ပြန်လည်ထားရှိရန် အာရပ်နိုင်ငံများက ကြိုးစားနေခြင်းဖြစ်သည်။

အာရပ်အဖွဲ့ချုပ်သည် ဆီးရီးယားပြည်တွင်းစစ် ၂၀၁၁ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ဆီးရီးယားနိုင်ငံကို အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခဲ့သည်။

အာရပ်အဖွဲ့ချုပ်သည် သာမန်အားဖြင့် ဘုံသဘောတူညီချက်ရယူ၍ ဆုံးဖြတ်ချက်များကိုချမှတ်ရန် ကြိုးစားလေ့ရှိသည်။

သို့သော် ဆီးရီးယားနိုင်ငံကို အာရပ်အဖွဲ့ချုပ်အတွင်း ပြန်လည်ထည့်သွင်းရေးနှင့် ပတ်သက်၍ အဖွဲ့ဝင် အာရပ်နိုင်ငံများကြား ဘုံသဘောတူညီချက် ရရှိထားမှု ရှိ၊ မရှိ တိတိကျကျမသိရသေးကြောင်း သိရသည်။ KKO

# အမြင့်ဆုံးသောအပူလှိုင်းများနှင့် ကြုံတွေ့ရဦးမည့် ယခုနှစ်နွေရာသီ

**မေဇင်ထွန်း**

မေလတွင် အပူချိန်သည် ပိုမိုပူပြင်းလာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားသည်။ ထို့ကြောင့် ယခု မေလထဲတွင် ပိုမိုပူပြင်းလာသည့် အပူလွန်ကဲခြင်းဖြစ်ရပ်များကို သတိပြုရမည်ဖြစ်ပြီး ကျန်းမာရေးကိုလည်း အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ဂရုစိုက်ရမည်ဖြစ်သည်။ အပူလွန်ကဲခြင်းဖြစ်ရပ်များသည် အသက်အန္တရာယ်ကိုပင်ဖြစ်စေနိုင်သည်။ အပူဒဏ်ကြောင့်ဖြစ်လာနိုင်သောဆက်စပ်ရောဂါများမှာ နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် လွန်ကဲသောအပူရှိန်သည် အပူဖိစီးမှုအမျိုးမျိုးကို ဖြစ်စေနိုင်သည်။

ယခုကဲ့သို့ ပူလွန်းလှသောအပူဒဏ်ကြောင့် အဖြစ်အများဆုံးမှာ Heat Stroke ဟုခေါ်သော အပူဆိုင်ရာရောဂါဖြစ်သည်။ Heat Stroke ဖြစ်ပါက ခန္ဓာကိုယ်က အပူချိန်ကိုမထိန်းနိုင်ဖြစ်လာကာ ခန္ဓာကိုယ်အပူချိန်များ လျင်မြန်စွာတက်လာသည်။ ထိုအခါ ချွေးထွက်သည့် ခန္ဓာကိုယ်၏ဇီဝကမ္မယန္တရားပျက်သွားပြီး ခန္ဓာကိုယ်သည် ပူပြင်းသောအပူကိုတုံ့ပြန်ရန်အတွက် အေးသောအခြေအနေကို မဖန်တီးနိုင်တော့သဖြင့် သေဆုံးသည်ထိ ဖြစ်စေနိုင်သည်။ အချိန်မီ အရေးပေါ်ကုသမှုပေးနိုင်ခဲ့လျှင်ပင် လေဖြတ်ခြင်းများကိုဖြစ်စေသည်။ ထို့ကြောင့် အပူပြင်းသောအချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနှင့် မဖြစ်မနေအပြင်ထွက်ပြီး အလုပ်လုပ်ကိုင်နေကြရသောသူများတွင် အပူနှင့်ဆက်စပ်သော ရောဂါဖြစ်နိုင်ခြေပိုများသည်။ အပူချိန်မြင့်မားခြင်းသည် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကိုလည်းဖြစ်စေနိုင်သည်။ အပူလှိုင်းများအတွင်း သေဆုံးမှုနှုန်းများလည်းတိုးလာနိုင်သဖြင့် သေချာဂရုပြုရမည်ဖြစ်သည်။

အပူချိန်များမြင့်တက်ရသည့်အကြောင်းရင်းမှာ အန္တရာယ်ရှိသော လေထုညစ်ညမ်းမှုကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ လူသားတို့၏ ဆင်ခြင်တုံတရားမဲ့သောလုပ်ရပ်များကြောင့် ကျောက်မီးသွေးနှင့် အဆိပ်ဖြစ်စေသောဓာတ်ငွေ့ကဲ့သို့မျိုး ရုပ်ကြွင်းလောင်စာများကို မီးရှို့သည့်အခါ ကာဗွန်ဒိုင်အောက်ဆိုက်များသည် လေထုထဲသို့ပျံ့နှံ့ခြင်းမှ ကမ္ဘာကြီး၏အပူချိန်ကို မြင့်တက်လာစေသည်။ ကမ္ဘာကြီး၏လေထုအတွင်း ပိတ်မိနေသောအပူများသည် အပြင်ကိုမထွက်နိုင်သဖြင့် လေထုအတွင်းပိတ်မိပြီး ပတ်ဝန်းကျင်ကို အနှောင့်အယှက်များစွာဖြစ်စေသည်။ ထို့ပြင် ရာသီဥတုဖောက်ပြန်မှုများကိုဖြစ်စေပြီး လူ့ကျန်းမာရေးကိုထိခိုက်စေသည်။ ထိုသို့ အပူလှိုင်းဖြတ်သန်းမှုများသည် တစ်နှစ်ထက်တစ်နှစ် အကြိမ်ရေပိုတိုးလာပြီး ပြင်းထန်လာကာ ဆိုးရွားလှသောအပူလှိုင်းဖြတ်သန်းမှုဖြစ်ရပ်များကိုဖြစ်စေသည်။ ပူပြင်းလာသောအပူချိန်သည် လေထု၊ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်နေသည်။ ထို့ပြင် သမုဒ္ဒရာများတွင် ပုံမှန်ဖြစ်ပေါ်နေသော လေတိုက်ခတ်မှုကို အပြောင်းအလဲများဖြစ်စေသည့်အပြင် လေထု၏အစိုဓာတ်နှင့် အပူလည်ပတ်မှုပုံစံများကိုလည်း ပြောင်းလဲသွားစေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်တွင်ကြုံတွေ့နေရသော သဘာဝဘေးဆိုင်ရာပြဿနာများကို လျှော့ချရန်အတွက် လူသားတို့အနေဖြင့် တာဝန်သိစွာစီမံခန့်ခွဲရန်လိုအပ်လာသည်။ လူသားတို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကိုကာကွယ်ရန် အစီအမံများပြုလုပ်ကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများနှင့် လတ်တလောဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှု၏ ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။ ထို့ကြောင့် အပြင်းထန်ဆုံးဖြစ်လာနိုင်သောရာသီဥတုကို ကြိုတင်တွက်ဆကာ ကျန်းမာရေးနှင့်လိုက်လျောညီထွေဖြစ်သည့် ကြိုတင်ပြင်ဆင်မှုအစီအစဉ်များ ဆောင်ရွက်ထားသင့်သည်။

ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ အပူထိန်းဓာတ်ငွေ့များထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် လူသားတို့၏ ကျန်းမာရေးကို ကာကွယ်နိုင်သည်။ ရာသီဥတုစနစ်အပေါ် သက်ရောက်မှုများကိုလျှော့ချခြင်းဖြင့် အပူဒဏ်ကိုလျှော့ချနိုင်သော လှုပ်ရှားမှုများမှာ လေထုထဲတွင် ကာဗွန်ထုတ်လုပ်မှုနည်းသော စက်ဘီးစီးခြင်းသို့မဟုတ် လမ်းလျှောက်ခြင်းကဲ့သို့ သယ်ယူပို့ဆောင်ရေးပုံစံများသည် ယာဉ်ကြောနှင့်ဆက်စပ်သော လေထုညစ်ညမ်းမှုကို လျှော့ချရန်ကူညီပေးသည်။

စက်ဘီးစီးခြင်းနှင့် လမ်းလျှောက်ခြင်းအလေ့အကျင့်သည် လေထုညစ်ညမ်းမှုကို လျှော့ချပေးနိုင်သည်သာမက အဝလွန်မှုနှုန်းလျှော့ချခြင်းအပါအဝင် ပြည်သူ့ကျန်းမာရေး အကျိုးကျေးဇူးများပေးသော ကိုယ်လက်လှုပ်ရှားမှုများ ဖြစ်သည့်အတွက် ပြုလုပ်သင့်သည်။



ကမ္ဘာတစ်ဝန်းတွင် လူသားတို့သည် အအေးဓာတ်များသောနေ့များကို ကြုံတွေ့ရချိန်ရှားပါးလာပြီး မကြာခဏဆိုသလို ပူပြင်းသောနေ့ရက်များကို ကြုံတွေ့နေရသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ဖြစ်သော ၁၉၅၀ ပြည့်နှစ်အတွင်း နေ့စဉ်အပူချိန်နှင့် ယနေ့ခေတ်အပူချိန်ကို နှိုင်းယှဉ်ကြည့်လျှင် စံချိန်တင်လောက်အောင် အပူချိန်များ နှစ်ဆပိုများလာသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သိသိသာသာ လျှော့ချခြင်းမပြုနိုင်လျှင် ကမ္ဘာ့နေရာအများစုတွင် နေ့စဉ်မြင့်မားသောအပူချိန်များနှင့် ရင်ဆိုင်လာရမည်ဖြစ်သည်။ အပူချိန်များသည် အနည်းဆုံး ၅ ဒီဂရီဖယ်ရင်ဟိုက်မှ ၁၀ ဒီဂရီဖယ်ရင်ဟိုက်ထိမြင့်တက်လာမည်ဖြစ်သည်။ အမျိုးသားရာသီဥတုဆိုင်ရာ အကဲဖြတ်မှုများအရ မြင့်မားသောအပူချိန်သည် မြင့်မားသောစိုထိုင်းဆနှင့်ပေါင်းစပ်သောအခါ အပူလှိုင်းများသည် ပို၍အန္တရာယ်များလာသည်။ အပူလွန်ကဲခြင်းသည် အခြားသောဘေးအန္တရာယ် အမျိုးအစားများဖြစ်နိုင်ခြေကို တိုးမြင့်စေသည်။ အပူရှိန်သည် မိုးခေါင်မှုကို ပိုမိုဆိုးရွားစေပြီး ပူပြင်းခြောက်သွေ့သောအခြေအနေများသည် တောမီးလောင်ကျွမ်းမှုအခြေအနေများကို အားပေးရာရောက်သည်။ နိုင်ငံတစ်ဝန်း အပူချိန်များမြင့်တက်လာခြင်းသည် လူများ၊ ဂေဟစနစ်များနှင့် စီးပွားရေးကို ခြိမ်းခြောက်လျက်ရှိသည်။ အပူလွန်ကဲခြင်းသည် အမေရိကန်နိုင်ငံတွင် ရာသီဥတုဆိုင်ရာသေဆုံးမှု၏ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ၁၉၉၉ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း တစ်နှစ်လျှင် အပူဒဏ်ကြောင့် ပျမ်းမျှလူပေါင်း ၆၀၀ ကျော်သေဆုံးလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

ခန္ဓာကိုယ်သည် အပူပြင်းထန်လွန်းသည့်အချိန်တွင် သဘာဝအတိုင်း သူ့အလိုလိုအေးမြမှုကို ဖန်တီးရန် ချွေးထွက်ပေးသည်။ ချွေးထွက်ခြင်းကို ထိရောက်စွာမလုပ်ဆောင်နိုင်သည့်အခါ လူသားတို့တွင် အပူဖိစီးမှုဖြစ်ပေါ်တတ်သည်။ သာမန်အားဖြင့် ခန္ဓာကိုယ်သည် ချွေးထွက်ခြင်းကြောင့် သူ့အလိုလိုအေးမြနိုင်သော်လည်း စိုထိုင်းဆများလာသောအခါ ချွေးများအငွေ့ပြန်သွားသဖြင့် အပူဒဏ်ကို ခံစားရစေနိုင်သည်။ မြင့်မားသောစိုထိုင်းဆနှင့် အပူချိန်မြင့်မားသောညများသည် အပူနှင့်ဆက်စပ်သည့် ဖျားနာမှု၊ သေဆုံးမှုကို ဖြစ်စေသည့်အပြင် အပူဒဏ်ကြောင့် အိပ်ရေးပျက်ညများကိုလည်း ကြုံတွေ့ရစေသည်။ ညဘက်အပူဒဏ်ကို လျှော့ချခြင်းမပြုပါက ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ အထူးသဖြင့် ဝင်ငွေနည်းပါးသူများတွင် အအေးပေးပစ္စည်းများ အသုံးပြုနိုင်မှုအားနည်းသဖြင့် အပူဖိစီးမှုဒဏ်ကို ပိုခံရနိုင်ဖွယ်ရှိသည်။

ပူပြင်းသောနေ့ရက်များသည် နှလုံးသွေးကြောနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ပိုပြင်းထန်စေပြီး ကျောက်ကပ်ရောဂါများအပါအဝင် အပူနှင့်ဆက်စပ်သောရောဂါများ တိုးလာခြင်းနှင့် ဆက်စပ်နေသည်။ လွန်ကဲသောအပူချိန်သည် လေအရည်အသွေးကိုလည်း ထိခိုက်စေသည်။ ပူပြင်းပြီး နေသာသောနေ့များတွင် မီးခိုးမြူ၏ အန္တရာယ်ရှိသော လေထုညစ်ညမ်းစေသည့် မြေပြင်အဆင့် အိုဇုန်းထုတ်လုပ်မှုကိုတိုးမြင့်လာစေကာ အသက်ရှူလမ်းကြောင်းစနစ်ကို ပျက်စီးစေသည်။ ပန်းနာရင်ကျပ်ရောဂါရှိသူများအတွက် အထူးအန္တရာယ်ဖြစ်စေသည်။ ထို့ပြင် လေအေးပေးစက်အသုံးပြုခြင်းသည် လျှပ်စစ်ဓာတ်အားရင်းမြစ်ပေါ်မူတည်သဖြင့် လေထုအရည်အသွေးကို ထိခိုက်စေသည့်အပြင် အအေးပေးစက်မှထွက်လာသော မမြင်ရသောအမှုန်အမွှားများအပါအဝင် အခြားသောညစ်ညမ်းမှုအမျိုးအစားများကို ထုတ်ပေးသည်။ အဆိုပါအိုဇုန်းလွှာနှင့် အမှုန်အမွှားများတိုးလာခြင်းသည် လူများအတွက် ဆိုးရွားသောအန္တရာယ်များ ဖြစ်ပေါ်စေနိုင်သည်။

ထို့ပြင် အပူချိန်မြင့်မားခြင်းသည် စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည်။ မြင့်မားသောနေ့ဘက်အပူချိန်ကြောင့် အပင်ကြီးထွားမှုကို ဆိုးရွားစွာထိခိုက်စေပြီး အချို့သောသီးနှံများသည် ကြီးထွားရန်အတွက် ညအချိန်တွင် အေးမြမှုကိုလိုအပ်သည်။ ညအပူချိန်တွင် အပူလှိုင်းများမြင့်မားနေခြင်းကြောင့် တိရစ္ဆာန်များသည် အပူဒဏ်ကြုံတွေ့ရနိုင်ခြေကို တိုးစေသည်။ တစ်နေကုန် အပူဒဏ်ခံထားသော နွားများသည် နို့ထွက်နှုန်းကျဆင်းခြင်း၊ ကြီးထွားမှုနှေးကွေးခြင်းနှင့် သန္ဓေဖြစ်တည်နှုန်းများ လျော့ကျခြင်းတို့ ကြုံတွေ့နိုင်သည်။

အပူလှိုင်းများသည် မိုးခေါင်မှုနှင့် တောမီးလောင်ကျွမ်းမှုများကို ပိုမိုဆိုးရွားစေကာ စိုက်ပျိုးရေးကဏ္ဍအပေါ် အပျက်သဘောဆောင်သည့်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။ ဥပမာပြရလျှင် အနောက်နိုင်ငံများတွင် ၂၀၂၁ ခုနှစ်က မိုးခေါင်ရေရှားမှုကြောင့် မြောက်ဒါကိုတာပြည်နယ်ရှိ ကျွဲ၊ နွားမွေးမြူရေးသမားများသည် ဆောင်းရာသီတွင် ကျွဲ၊ နွားများကို ကျွေးရန်အတွက် အစားအစာမရှိခြင်းကြောင့် ၎င်းတို့၏ စတော့ရှယ်ယာများကို ရောင်းချခဲ့ရသည်။ ထို့ပြင် မိုးခေါင်ခြင်းကြောင့် ကယ်လီဖိုးနီးယားပြည်နယ်ရှိ တောများထဲတွင် တောမီးများမကြာခဏလောင်ကျွမ်းမှုများဖြစ်ခြင်းက အနီးရှိစိုက်ပျိုးမြေကို လောင်ကျွမ်းစေခဲ့သည်။

ပူနွေးသောအပူချိန်များသည် ကုန်ထုတ်လုပ်မှု၊ စွမ်းအင်ထုတ်လွှတ်မှုနှင့် ဝယ်လိုအားအပါအဝင် စွမ်းအင်စနစ်၏ကဏ္ဍများစွာကို သက်ရောက်မှုရှိသည်။ မြင့်မားသောနွေရာသီအပူချိန်သည် အအေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တိုးမြင့်စေသည်။ မြစ်များ၊ ရေကန်များ ပူနွေးလာသည်နှင့်အမျှ ဓာတ်အားပေးစက်ရုံများမှ စွန့်ပစ်ပစ္စည်းများ မြစ်၊ ချောင်းများအတွင်း စွန့်ပစ်ခြင်းများကြောင့် မြစ်၊ ချောင်း၊ ရေကန်များ၏ အပူကို စုပ်ယူနိုင်စွမ်း ကျဆင်းလာသည်။

**ပြင်းထန်သောအပူရှိန်ဖြစ်ရပ်များအတွက် ကြိုတင်ကာကွယ်မှုဆိုင်ရာလုပ်ဆောင်မှုများ**

ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် လုပ်ဆောင်ချက်များကိုလည်း စီမံချက်ထားကာ အမှန်တကယ်လုပ်ဆောင်ရန်လိုအပ်သည်။ ထို့ပြင် အပူလှိုင်းမဖြတ်မီ အပူလှိုင်းကြိုတင်သတိပေးစနစ်များပြုလုပ်ထားခြင်းဖြင့် အပူလှိုင်းဖြတ်နိုင်သည့်အချိန်ကို ကြိုတင်သိရှိပြီး ကာကွယ်မှုများကြိုတင်ပြုလုပ်နိုင်သည်။ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုထိရောက်သည်။ အပူရှိန်သတိပေးချက်များ ထုတ်ပြန်ချိန်တွင် အရေးပေါ်စောင့်ရှောက်ရေးနည်းစနစ်များကို သင်ကြားအသိပညာပေးထားခြင်းဖြင့် မြို့များနှင့် ခရိုင်များတွင် ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန်ဖြစ်သည်။

အပူဒဏ်မှ သက်သာနိုင်သော အအေးခန်းများ၊ လေအေးပေးစက်များသည် ကျန်းမာရေးအခြေအနေမကောင်းသူများအတွက် မရှိမဖြစ်လိုအပ်သည်။ ရေဓာတ်ပြည့်ဝနေအောင်နေထိုင်ခြင်းနှင့် အပူရှိန်သတိပေးချက်များ ထုတ်ပြန်ထားသောအချိန်များအတွင်း ပြင်းထန်သောလေ့ကျင့်ခန်းများပြုလုပ်ခြင်းမှ ရှောင်ကြဉ်သင့်သည်။

အရိပ်ရအပင်ကြီးများ များများစိုက်ခြင်း၊ အပူလွန်ကဲသောကာလတွင် အပူဒဏ်ကြောင့် မူးမေ့လဲသွားသည့်လူများကိုတွေ့လျှင် ထိုလူကို တတ်နိုင်သမျှအေးအောင်ထားပြီး အနီးဆုံးဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ အဆောက်အအုံများကို ပြင်းထန်သောအပူဒဏ်မှအကာအကွယ်ပေးနိုင်စေရန် ဥပမာ- အစိမ်းရောင်ခေါင်မိုးများပြောင်းလဲတပ်ဆင်ခြင်း၊ အိမ်တွင်းအပင်များစိုက်ပျိုးခြင်းနှင့် အရိပ်ရသစ်ပင်များကို နေအိမ်အခြေအနေကိုကြည့်ပြီး စိုက်ပျိုးပေးခြင်းဖြင့် အိမ်တွင်းအပူချိန်ကို လျှော့ချနိုင်သည်။ လမ်းဘေးသစ်ပင်များနှင့် သစ်တောများသည် အပူဒဏ်ကို လျော့ပါးစေပြီး ဒေသတွင်းလေထုအပူချိန်ကို ၉ ဒီဂရီဖယ်ရင်ဟိုက်ထိ လျှော့ချပေးနိုင်သည်။ ထို့ကြောင့် ယခုကဲ့သို့ နွေကာလတွင် အသက်ကိုဉာဏ်စောင့်ဆိုသည့်အတိုင်း မိမိနှင့် မိမိ မိသားစုကျန်းမာရေးကို ကြိုတင်ကာကွယ်မှုများပြုလုပ်ကာ အထူးဂရုပြုနေထိုင်သွားကြရင်း ပူပြင်းလှသည့်နွေရာသီကို ကောင်းစွာဖြတ်ကျော်သွားစေနိုင်ရန် ရည်ရွယ်ရေးသားအပ်ပါသည်။

**Heat Waves and Climate Change ကို ဘာသာပြန်ဆိုထားပါသည်။**

## နိုင်ငံတကာ အားကစားသတင်းများ

# Mutua Madrid Open ချန်ပီယံဆုကို ဆာဘာလင်ကာ ဆွတ်ခူး

**မက်ဒရစ် မေ ၇**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်နှင့် ကမ္ဘာ့အဆင့် (၂) နေရာတွင် ရပ်တည်နေသော ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၆-၃၊ ၃-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ဗိုလ်စွဲရန် ရေပန်းစားနေသော်လည်း ယခုနှစ်တင်းနစ်ရာသီတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူထားနိုင်သည့် ဆာဘာလင်ကာအနေဖြင့် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်သည့် စွမ်းဆောင်ရည်မျိုး ပြသသွားနိုင်ခဲ့သည်။

ဆာဘာလင်ကာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် စဝီယာတက်ခ်က ပုံစံကောင်းပြန်လည်ရရှိခဲ့သည့်အတွက်ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံဆုဖလားအတွက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် ပြသနိုင်ခဲ့သည့် လက်စွမ်းမျိုးဖြင့် စဝီယာတက်ခ်အား ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်ခဲ့သည်။

ဆာဘာလင်ကာက "မြေစေးကွင်းပြိုင်ပွဲတွေဟာ ကစားရတာ တော်တော်လေး ပင်ပန်းသလို အရမ်းလဲခက်ခဲပါတယ်။ ဒဏ်ရာရလွယ်တဲ့ပြိုင်ပွဲဖြစ်တဲ့အတွက်ကြောင့် ကစားသမားတိုင်းက မြေစေးကွင်းမှာဆိုရင် ပိုပြီးတော့ သတိထားယှဉ်ပြိုင်လေ့ရှိတယ်။ မြေစေးကွင်းမှာ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ အခြေအနေပေါ် အခုထိမယုံကြည်နိုင်လောက်အောင်ဖြစ်နေရပါတယ်။ အမျိုးသမီးတင်းနစ်လောကမှာ လက်ရှိ အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေတဲ့ ပြိုင်ဘက်ကို အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်မအတွက် ဖော်ပြလို့မရတဲ့ ဝမ်းသာမှုမျိုးခံစားနေရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



| | | | | |
|---|---|---|---|---|
| ပြင်သစ်လီဂူး ပွဲစဉ် (၃၄) ရလဒ် | | | | |
| အန်ဂါ | ၁ | - | ၂ | မိုနာကို |
| အေဂျက်စီယို | ၀ | - | ၀ | တူးလော့ |
| အော်ဇေး | ၁ | - | ၁ | ကလဲယားမောင့် |
| လိုရီယန့် | ၂ | - | ၁ | ဘရက် |
| နန့်တက် | ၀ | - | ၂ | စထရာဘော့ |
| လိုင်ယွန် | ၅ | - | ၄ | မောင့်ပယ်လီယာ **(၀၄၀)** |

## အားကစားသတင်း အတိုအထွာများ

- လီဗာပူးအသင်းက အားကစားဒါရိုက်တာအဖြစ် ဝုဗ်ဘတ်အသင်း ဒါရိုက်တာဟောင်း ရှိတ်မက်ကီကို ခန့်အပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး ဘင်ဇီးမား၏နေရာတွင် အစားထိုးရန်အတွက် ဖရန့်ဖတ်တိုက်စစ်မှူး မူအာနီကိုယူရို သန်း ၈၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ML

# ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲစဉ်တွင် အိုဆာဆူနာကိုအနိုင်ယူ၍ ရီးရဲလ်မက်ဒရစ် ချန်ပီယံဆုဖလားရရှိ




**မက်ဒရစ် မေ ၇**

စပိန်ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အိုဆာဆူနာအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ချန်ပီယံဆုဖလားရရှိခဲ့ပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆုဖလားပြန်လည်ဆွတ်ခူးနိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက လာလီဂါအမှတ်ပေးဖလားနှင့် ချန်ပီယံလိဂ်ဖလားရရှိခဲ့သော်လည်း စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်ဆုဖလားနှင့်လွဲချော်ခဲ့ရပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ဘာစီလိုနာအသင်းကို အနိုင်ယူ၍ ချန်ပီယံဆုရရှိခဲ့ပြီးနောက် ဆုဖလားနှင့် ဝေးကွာခဲ့ရသော်လည်း ယခုအခါ ဗိုလ်လုပွဲစဉ်တွင် အိုဆာဆူနာအသင်းကို တိုက်စစ်မှူး ရိုဒရီဂို၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ပြီး ကိုးနှစ်ကြာဝေးကွာနေသည့် ချန်ပီယံဆုဖလားကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကာ ဖလားသမိုင်းတွင် ဗိုလ်လုပွဲ ၂၄ ကြိမ်တက်ရောက်ခဲ့ရာတွင် အကြိမ် ၂၀ ထိဆုဖလားရရှိခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရီးရဲလ်မက်ဒရစ်အသင်းသည် ဗီလာရီးရဲလ်အသင်းကို သုံးဂိုး နှစ်ဂိုး၊ အေတီကိုအသင်းကို သုံးဂိုးတစ်ဂိုး၊ ဘာစီလိုနာအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သကဲ့သို့ အိုဆာဆူနာအသင်းကလည်း ဘက်တစ်အသင်း၊ ဆီဗီလာအသင်း၊ ဘီလ်ဘာအိုအသင်းတို့ကို အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲရောက်ရှိခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းအား အပြန်အလှန် ဖိအားပေးမှုများဖြင့် ကစားနိုင်ခဲ့သော်လည်း ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

ML

# ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ရှန်းနီး၏စံချိန်ကို ဟယ်ရီကိန်းကျော်ဖြတ်နိုင်ခဲ့

**လန်ဒန် မေ ၇**

ပြီးခဲ့သည့်စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် စပါးအသင်းနှင့်ပဲလေ့စ်အသင်းတို့ ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအသင်းအတွက် အနိုင်ဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ဂိုးသွင်းအများဆုံး ကစားသမားစာရင်းတွင် ရှန်းနီး၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် လီဗာပူးအသင်းကို လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်ကတည်းက စပါးအသင်းအတွက် တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ပရီးမီးယားလိဂ်တွင် သွင်းဂိုး ၂၀၈ ဂိုးထိသွင်းယူထားသည့် ရှန်းနီး၏စံချိန်ကို လိုက်မီနိုင်ခဲ့ကာ ယခုပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် စုစုပေါင်း သွင်းဂိုး ၂၀၉ ဂိုး ရှိလာခဲ့ပြီး ရှန်းနီး၏စံချိန်ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် ပြိုင်ပွဲပေါင်း ၄၄၁ ပွဲတွင် သွင်းဂိုး ၂၆၀ သွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးဟောင်း အလန်ရှီးယားက အဆင့် (၁)၊ တိုက်စစ်မှူး ဟယ်ရီကိန်းက ပြိုင်ပွဲစုံ ၃၁၇ ပွဲတွင် သွင်းဂိုး၂၀၉ ဂိုးဖြင့် အဆင့် (၂)၊ တိုက်စစ်မှူးဟောင်း ရှန်းနီက ၄၉၁ ပွဲတွင် သွင်းဂိုး ၂၀၈ ဂိုးဖြင့် အဆင့် (၃)၊ အင်ဒီကိုးလ်က ၄၁၅ ပွဲတွင် သွင်းဂိုး ၁၈၇ ဂိုးဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်လျက်ရှိသည်။

ထို့ပြင် တိုက်စစ်မှူးဟယ်ရီကိန်းသည် အင်္ဂလန်အသင်းတွင်လည်း ဂိုးသွင်းအများဆုံး ကစားသမားအဖြစ်ရပ်တည်နေသည့် တိုက်စစ်မှူးဟောင်းရွန်းနီး၏ သွင်းဂိုး ၅၃ ဂိုး စံချိန်ကိုလည်း ပြီးခဲ့သည့် မတ်လအတွင်းက ကစားခဲ့သည့် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ယူကရိန်းအသင်းတို့ ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီးနောက် စုစုပေါင်း သွင်းဂိုး ၅၅ ဂိုးဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

ML


# အယ်လစ်စတာကိုခေါ်ယူရန် လီဗာပူးအသင်းနှင့် ဘရိုက်တန်အသင်းတို့ သဘောတူညီမှုရရှိ

**လန်ဒန် မေ ၇**

လီဗာပူး အသင်းသည် ကွင်းလယ်ပိုင်း အားနည်းချက်ကို ထပ်မံ ဖြည့်ဆည်းရန်အတွက် ဘရိုက်တန်အသင်းတွင် ခြေစွမ်းပြကစားနေသည့် အယ်လစ်စတာကို ခေါ်ယူရန် ဆွေးနွေးခဲ့ရာကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်ဟုGoal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ ကွင်းလယ်ကစားသမားအယ်လစ်စတာသည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းအား ဆုဖလားရရှိအောင် အဓိကနေရာမှ ပါဝင်ကူညီနိုင်ခဲ့သည့်အပြင် ဘရိုက်တန်အသင်းတွင်လည်း ခြေစွမ်းပြသ၍ ပရီးမီးယားလိဂ် သွင်းဂိုး ကိုးဂိုးထိသွင်းယူထားနိုင်သောကြောင့် နည်းပြကလော့ပ်က ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ၎င်းကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လီဗာပူးအသင်းသည် အသင်းမှ အဓိက ကွင်းလယ်ကစားသမားများဖြစ်သည့် နာဘီကီတာ၊ ချိန်ဘာလိန်းနှင့် ဂျိမ်းမင်နာတို့မှာ လာမည့်နွေရာသီတွင် အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ဂျူဗင်တပ်အသင်းမှ အငှားခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အာသာမယ်လိုလဲ အသင်းမှထွက်ခွာမည်ဖြစ်သောကြောင့် ၎င်းတို့နေရာတွင် အစားထိုးနိုင်မည့် ကွင်းလယ်ကစားသမား အယ်လစ်စတာကို ခေါ်ယူရန် ကာလရှည်ဆွေးနွေးမှုပြုလုပ်ခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၆၀ အပြင် အပိုဆုကြေး စတာလင်ပေါင် ငါးသန်းဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုရန် ဘရိုက်တန်အသင်းနှင့် သဘောတူညီမှုရရှိခဲ့သည်။




လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ကွင်းလယ်ကစားသမားများနှင့် တိုက်စစ်ကစားသမားများ ဒဏ်ရာမကြာခဏရရှိနေသဖြင့် ပြိုင်ပွဲစုံတွင် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး ပရီးမီးယားလိဂ် ၃၅ ပွဲကစားအပြီးတွင် ရမှတ် ၆၂ မှတ်ဖြင့် အဆင့်(၅) နေရာတွင် ရောက်ရှိနေသော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မျှော်လင့်ချက်နည်းပါးနေကာ အယ်လစ်စတာ အနေဖြင့် လီဗာပူးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့လျှင်လည်း ပြောင်းရွှေ့ကစားမည် ဖြစ်ကြောင်း သိရသည်။

ML

# ကန်နဲလိုက ဂျွန်ရိုက်တာကို ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုများကို ကာကွယ်နိုင်ခဲ့

**ဇာပိုပန် မေ ၇**

WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိ ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုနှင့် စိန်ခေါ်သူ အင်္ဂလန်လက်ဝှေ့သမား ဂျွန်ရိုက်တာတို့ ယနေ့ နံနက် အစောပိုင်းတွင် မက္ကဆီကိုနိုင်ငံ ဇာပိုပန်မြို့တွင် ထိုးသတ်သွားခဲ့ရာ ကန်နဲလိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုများကို ကာကွယ်နိုင်ခဲ့ကြောင်း ABC News သတင်းဌာနက ဖော်ပြခဲ့သည်။



ကန်နဲလိုအနေဖြင့် မွေးရပ်မြေ မက္ကဆီကိုနိုင်ငံတွင် ၂၀၁၁ ခုနှစ်က နောက်ဆုံး ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး ၁၂ နှစ်အကြာတွင် မွေးရပ်မြေ၌ ပထမဆုံးအကြိမ် ပြန်လည်ထိုးသတ်ခဲ့သည့် ချန်ပီယံကာကွယ်ပွဲစဉ်လည်း ဖြစ်သည်။

မက္ကဆီကို လက်ဝှေ့ပရိသတ်များသည် မက္ကဆီကိုလက်ဝှေ့လောက၏ သူရဲကောင်းအဖြစ် တင်စားခံထားရသူ ကန်နဲလို၏ ၁၂ နှစ်အကြာမှ မက္ကဆီကိုနိုင်ငံတွင် ပြန်လည်ထိုးသတ်ခဲ့သောပွဲစဉ်တွင် ပရိသတ်ဦးရေ ၅၁၀၀၀ ကျော်ထိ တက်ရောက်အားပေးခဲ့ကြသည်။

မွေးရပ်မြေတွင် လက်ရှိချန်ပီယံဆုအား ကာကွယ်ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ဒိုင်သုံးဦးရှိသည့်အနက် အမှတ်ပေးဒိုင်(၁)က (၁၂၀-၁၀၇) မှတ်ဖြင့်လည်းကောင်း၊ အမှတ်ပေးဒိုင်(၂)က (၁၁၈-၁၀၉) မှတ်ဖြင့်လည်းကောင်း၊ အမှတ်ပေးဒိုင်(၃)က (၁၁၈-၁၀၉) မှတ်ဖြင့်လည်းကောင်း ကန်နဲလိုကို အနိုင်ပေးခဲ့ကြသည်။

ကန်နဲလိုက "ကျွန်တော့်အတွက် သမိုင်းဝင်အောင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လက်ဝှေ့သမားဘဝ စတင်ခဲ့တဲ့နေ့ကစပြီး ယနေ့အချိန်ထိ ကျွန်တော့်ကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေရဲ့ရှေ့မှောက်မှာ အောင်ပွဲခံနိုင်ခဲ့တယ်။ မက္ကဆီကိုနိုင်ငံသား အားလုံးကို ကျေးဇူးတင်သလို အားလုံးကိုလဲ ချစ်ခင်လေးစားပါတယ်။ကျွန်တော့်ရဲ့ ပြိုင်ဘက်ဖြစ်တဲ့ ဂျွန်ရိုက်တာဟာ အရမ်းသန်မာတဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ ဂျွန်ရိုက်တာအနေနဲ့ ချန်ပီယံခါးပတ်အားလုံးကို ကျွန်တော့်ဆီကနေ လွှဲပြောင်းရယူနိုင်ဖို့အတွက် သူလုပ်နိုင်သမျှအားလုံးလုပ်သွားခဲ့တယ်။ အခြားပြိုင်ဘက်တွေထက် ပိုပြီးတော့ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော်သူ့အပေါ်မှာ လေးစားမှု အပြည့်ရှိပါတယ်။ ကျွန်တော့်ဆီက အရာအားလုံးကို ယူဆောင်သွားဖို့ အကောင်းဆုံးပြင်ဆင်ခဲ့တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ကို အနိုင်ထိုးသတ်နိုင်ခဲ့တဲ့အတွက်လဲ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဂျူဗင်တပ်အသင်းက ဂရင်းဝုဒ်ကို ကာလရှည်အငှားစာချုပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်

**မန်ချက်စတာ မေ ၇**

မန်ယူအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်တိုက်စစ်ကစားသမား ဂရင်းဝုဒ်ကို လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းက ကာလရှည်အငှားစာချုပ်ဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဂရင်းဝုဒ်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် အစောပိုင်းနှစ်များတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ၂၀၂၂ ခုနှစ်က အတူနေချစ်သူကို ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကြောင့် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းခြင်းကိုခံခဲ့ရသူဖြစ်သည်။

မန်ယူအသင်းကလည်း ဂရင်းဝုဒ်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ပြီးနောက် အသင်းကစားသမားစာရင်းမှထုတ်ပယ်ခဲ့ပြီး ၎င်းအနေဖြင့် ပြီးခဲ့သည့် မတ်လအတွင်းက အမှုမှ လွတ်မြောက်ခဲ့ပြီးနောက် နည်းပြ တန်ဟတ်က ဂရင်းဝုဒ်ကို အသုံးပြုလိုနေသော်လည်း အသင်းမှ ကစားသမားအချို့က အသင်းနှင့် ပြန်လည်ပူးပေါင်းရန်မလိုလားသကဲ့သို့ မန်ယူအမျိုးသမီးအသင်းမှ ကစားသမားများကလည်း အသင်းနှင့် ပြန်လည်ပူးပေါင်းခွင့်မပေးရန်အတွက် တရားဝင်ဆန္ဒပြထားသည့်အတွက် မန်ယူအသင်းက ဂရင်းဝုဒ်ကို အသင်းနှင့်ပြန်လည်ပူးပေါင်းခွင့်ကို ဆိုင်းငံ့ထားခြင်းဖြစ်သည်။

ဂရင်းဝုဒ်နှင့် မန်ယူအသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ်ထိ ကျန်ရှိနေသေးသော်လည်း မန်ယူအသင်းက ၎င်းကို အသင်းနှင့် ပူးပေါင်းခွင့် ဆိုင်းငံ့ထားသည့်အတွက် ဂရင်းဝုဒ်ကိုယ်တိုင်က နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားလိုနေပြီး ဂျူဗင်တပ်အသင်းကလည်း ၎င်းကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

STA

# ဆီးဂိမ်းပြိုင်ပွဲအုပ်စုတတိယပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် မေ ၇**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအမျိုးသားအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာအသင်းက ပိုမိုထိရောက်သည့် တိုက်စစ်ဆင်မှုများဖြင့် ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၁၂ မိနစ်တွင် ဟိန်းထက်အောင်က အဝေးကန်ချက်ဖြင့် မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကိုလည်းကောင်း၊ ပွဲချိန် ၃၈ မိနစ်တွင် ဟိန်းထက်အောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် သက်ဟိန်းစိုးက လှပသည့်နောက်ပြန်ကန်ချက်ဖြင့်လည်းကောင်း ဦးဆောင်ဂိုးများ အသီးသီး သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန်ပထမပိုင်းအပြီးတွင် မြန်မာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးများလိုအပ်နေသည့် အိမ်ရှင်ကမ္ဘောဒီးယားအသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများပြုလုပ်နိုင်ခဲ့ကာ ချေပဂိုးရရှိရန် နီးစပ်ခဲ့သော်လည်း မြန်မာအသင်း ခံစစ်ကစားသမားများနှင့် ဂိုးသမားတို့က အမှားအယွင်းမရှိဖြတ်ထုတ် ကစားနိုင်ခဲ့မှုကြောင့် ကမ္ဘောဒီးယား အသင်းအနေဖြင့် ချေပဂိုးတစ်ဂိုးမှမရရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းသမိုင်းတစ်လျှောက် ဆုဖလားအားလုံးရရှိခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် ကာမာဗင်ဂါမှတ်တမ်းဝင်

**မက်ဒရစ် မေ ၇**

ရီးရဲလ်မက်ဒရစ် လူငယ်ကွင်းလယ်ကစားသမား ကာမာဗင်ဂါသည် စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် အသင်းနှင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးဖြင့် ချန်ပီယံဆုဖလားအားလုံးဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ သာရှိသေးသည့် ကာမာဗင်ဂါသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ရင်းနက်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းကွင်းလယ်ပိုင်းတွင်လည်း အဓိကကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိနေသူဖြစ်သည်။

ကာမာဗင်ဂါသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဘောလုံးရာသီနှစ်ရာသီအတွင်း ဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့ကာ အသင်းနှင့်အတူ စပိန်လာလီဂါဖလားတစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ စပိန်စူပါဖလားတစ်ကြိမ်တို့ကို ပထမဆုံးရာသီတွင် ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ စပိန်လာလီဂါဖလား တစ်ကြိမ်၊ ဖီဖာကလပ် ကမ္ဘာ့ဖလားတစ်ကြိမ်နှင့် စပိန်ကိုပါဒယ်ရေးဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်းနှင့်အတူ ဆုဖလားအားလုံးကို ဘောလုံးရာသီ နှစ်ရာသီအတွင်း ဆွတ်ခူးနိုင်ခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အူရာဝါရက်ဒိုင်းမွန်းအသင်း ချန်ပီယံဆုဆွတ်ခူး

**တိုကျို မေ ၇**

အာရှချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဂျပန်ကလပ် အူရာဝါရက်ဒိုင်းမွန်းအသင်းနှင့် လက်ရှိချန်ပီယံဆော်ဒီကလပ် အယ်ဟိုင်လာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အူရာဝါရက်ဒိုင်းမွန်းအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်ဟု Fox Sports Asia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာရှချန်ပီယံလိဂ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်သည် အခြားဗိုလ်လုပွဲစဉ်များနှင့်မတူဘဲ အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ ကစားသည့်စနစ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပထမအကျော့ပွဲစဉ်အဖြစ် အယ်ဟိုင်လာအသင်း အိမ်ကွင်းတွင် ကစားခဲ့ရာ၌ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယအကျော့ပွဲစဉ်အဖြစ် အူရာဝါရက်ဒိုင်းမွန်းအသင်း အိမ်ကွင်းတွင်ကစားခဲ့ရာတွင် နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်းနှစ်ဖက်အသင်းတိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် သွင်းဂိုးများ မြင်တွေ့ရခြင်းမရှိခဲ့ဘဲ ပွဲချိန် ၄၈ မိနစ်တွင် အယ်ဟိုင်လာအသင်းမှကစားသမား ကာရီလို၏ ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့သည့် တစ်လုံးတည်းသော သွင်းဂိုးဖြင့် အူရာဝါရက်ဒိုင်းမွန်း အသင်းက အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး တစ်ဂိုးဖြင့် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

**အီတလီစီးရီးအေ ပွဲစဉ် (၃၄) ရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၀ | - | ၂ | ဂျူဗင်တပ် |
| တိုရီနို | ၁ | - | ၁ | မွန်ဇာ |
| နာပိုလီ | ၁ | - | ၀ | ဖီအိုရင်တီးနား |

(၀၄၀)

# နှလုံးသားဖြင့်ကူညီ တို့ကြက်ခြေနီ

မေတ္တာမိုးနှင်း(ပဲခူး)



**ကြက်ခြေနီ**

ကြက်ခြေနီဆိုသည်မှာ စေတနာ့ဝန်ထမ်းဖြစ်သည်။ ထိုအသင်း၏အဓိကရည်ရွယ်ချက်မှာ ရှေးဦးသူနာပြုစုနည်းလမ်းဖြင့် လူသားတို့၏ အသက်အန္တရာယ်ကို ကူညီ၊ ကာကွယ်စောင့်ရှောက် ကယ်တင်ခြင်းပင်ဖြစ်သည်။ လူနာတစ်ဦးကိုတွေ့ရှိသောအခါ ဆေးရုံ၊ ဆေးပေးခန်းသို့ ချက်ချင်း သို့မဟုတ် အချိန်ပိုင်းအတွင်း မပို့ဆောင်နိုင်ပါက လူနာ၏အသက်အန္တရာယ်ကို အတတ်နိုင်ဆုံးနည်းလမ်းဖြင့် ကာကွယ်စောင့်ရှောက် ကယ်တင်ခြင်းပင်ဖြစ်သည်။

**ကမ္ဘာ့ကြက်ခြေနီနေ့**

ကြက်ခြေနီအသင်းကြီး၏ဖခင် ဟင်နရီဒူးနန့်ကို ၁၈၂၈ ခုနှစ် မေ ၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မွေးဖွားခဲ့သည်။ ၁၈၅၉ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် အီတလီနိုင်ငံသို့ရောက်ရှိခိုက် ဆိုဖာရီနိုစစ်မြေပြင်ကို ကြုံတွေ့ခဲ့ရသည်။ စစ်မြေပြင်တွင်ထိခိုက်ဒဏ်ရာရ၊ သေဆုံးသော စစ်သားများကို ကူညီပေးမည့်သူမရှိဘဲ စစ်သားများ၏ ညည်းညူသံများကိုကြားခဲ့ရပြီး ရွာအနီးဝန်းကျင်မှလူအများကိုစုဝေး၍ ပြုစုကူညီပေးခဲ့သည်။ ထို့နောက် နေရပ်ပြန်ရောက်ချိန်၌ ကြုံတွေ့ခဲ့ရသော အကြောင်းအရာများကို A Memory of Solferino စာအုပ်အား ရေးသားပြုစုခဲ့သည်။ နိုင်ငံ့ခေါင်းဆောင်များအား ထိုစာအုပ်ကို ရေးသားဖြန့်ဝေပြီးနောက် ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross)(ICRC) ကို တည်ထောင်ခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုကို ရရှိခဲ့သည်။ ဟင်နရီဒူးနန့် စတင်မွေးဖွားခဲ့သော အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းသည် ယခုအခါ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၈၈ နိုင်ငံမှ အသင်းဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။ နှစ်စဉ်နှစ်တိုင်း မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကြက်ခြေနီနေ့ အခမ်းအနားများကို ကျင်းပပြုလုပ်ကြသည်။ လူသားများကြုံခဲ့ရသည့် ကမ္ဘာစစ်ကြီးနှစ်ခုစလုံးတွင် ကြက်ခြေနီများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်ကို အားလုံးသိပြီးဖြစ်သည်။ မိမိအသက်ကို ပဓာနမထားဘဲ မွန်မြတ်သည့်စိတ်ဓာတ်ဖြင့် ဒဏ်ရာရသူများကို ကူညီကယ်တင်ပေးခဲ့သည့် ကြက်ခြေနီအဖွဲ့ဝင်များ၏ လုပ်ရပ်များလည်း သမိုင်းမှတ်တမ်းတွင် အထင်အရှားဖြစ်သည်။ ကြက်ခြေနီနေ့ အခမ်းအနားများကို မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ရခြင်းမှာ ထိုနေ့သည် ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသောအားဖြင့် သူ၏မွေးနေ့ဖြစ်သော မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**ကြက်ခြေနီအမှတ်တံဆိပ်**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ အမှတ်တံဆိပ်၊ ကြက်ခြေနီအမှတ်အသားဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်ချိန်၊ စစ်မက်ဖြစ်ပွားချိန်၌ ကြက်ခြေနီလှုပ်ရှားမှုတွင်ပါဝင်သော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)နှင့် အမျိုးသားကြက်ခြေနီအသင်းများ၊ လူပုဂ္ဂိုလ်များနှင့်တပ်မတော်ဆေးဝန်ထမ်းများက လူမှုကရုဏာလုပ်ငန်းများတွင် အသုံးပြုသော အမှတ်အသားဖြစ်သည်။ ကြက်ခြေနီအမှတ်အသားသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အမှတ်အသားမဟုတ်ပေ။ ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန်အတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် နိုင်ငံတော်ဥပဒေများတွင် ပြဋ္ဌာန်းထားလေ့ရှိသည်။ ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန်အတွက် ၁၈၆၄ ခုနှစ် ဂျီနီဗာမြို့တွင်ကျင်းပသော ပထမအကြိမ်သံတမန်များဆိုင်ရာညီလာခံက သတ်မှတ်ပေးခဲ့သည်။

ဒဏ်ရာရစစ်သည်များနှင့် ဘေးဒုက္ခခံရသူများကို ကယ်ဆယ်ရေးအဖွဲ့များက လိုအပ်သောအကူအညီများပေးနိုင်ရန်အတွက် ပြဋ္ဌာန်းခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံအလံကို အရောင်ပြောင်းပြန်လုပ်၍ အဖြူရောင်နောက်ခံတွင် အနီရောင်ကြက်ခြေနီကို ကြက်ခြေနီ အမှတ်အသားအဖြစ် သတ်မှတ်ခဲ့သည်။ အမျိုးသားကယ်ဆယ်ရေးအသင်းများ (ယခု အမျိုးသားကြက်ခြေနီအသင်းများ၊ လခြမ်းနီအသင်းများ) ထူထောင်ရေးနှင့် ပထမအကြိမ် ဂျီနီဗာညီလာခံကျင်းပရေးတွင် အဓိကအခန်းမှပါဝင်ခဲ့သော ဆွစ်ဇာလန်နိုင်ငံနှင့် ကြက်ခြေနီဖခင်ကြီး ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်ကို ဂုဏ်ပြုသည့်အနေဖြင့် သတ်မှတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာဥပဒေ၏ အခြေခံဖြစ်သော ၁၉၄၉ ဂျီနီဗာအများသဘောတူညီချက်အရ ဤအမှတ်အသားကို ဆက်လက်အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြပြီး နောက်ထပ်အမှတ်အသားများဖြစ်သော အဖြူရောင်နောက်ခံပါ လခြမ်းနီ၊ ခြင်္သေ့နီနှင့်နေဝန်းနီ အမှတ်အသားတို့ကိုလည်း အသိအမှတ်ပြုခဲ့သည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အစည်းနှင့် လခြမ်းနီအဖွဲ့အစည်း၊ လူမှုရေးလှုပ်ရှားမှုအဖွဲ့အစည်းကြီးသည် နိုင်ငံတကာဆိုင်ရာ လူသားချင်းစာနာသော လှုပ်ရှားမှုတစ်ခုဖြစ်ပြီး ထိုအဖွဲ့အစည်းတွင် ကမ္ဘာလုံးဆိုင်ရာအဖွဲ့ဝင်ပေါင်း ၉၇ သန်းဖြင့် ဖွဲ့စည်းထားသည်။ လူသားတို့၏ဘဝနှင့် ကျန်းမာရေးကိုကာကွယ်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ သက်ရှိလူသားတို့အတွက် ပိုမိုသေချာသော လေးစားမှု၊ ဝေဒနာခံစားနေရသောဒုက္ခများမှ ကာကွယ်တားဆီးပေးရန်တို့အတွက် အသားအရောင်၊ အသက်အရွယ်၊ အဖိုအမ၊ လူမျိုးနှင့် ဘာသာရေး၊ အဆင့်အတန်းစသည်တို့ကို ခွဲခြားခြင်းမရှိသည့် အခြေခံအခြေအနေများဖြင့်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်း**

မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်သည့် ဗမာ(မြန်မာ)နိုင်ငံ ကြက်ခြေနီအသင်းသည် ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သောဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဗမာ(မြန်မာ)နိုင်ငံတွင် ကြက်ခြေနီလုပ်ငန်းများကို ၁၉၂၀ ပြည့်နှစ်မှစတင်ကာ အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် ဗမာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)က အသိအမှတ်ပြုခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ၏ အသင်းဝင်ဖြစ်လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဗမာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကို ၁၉၅၉ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဆိုပါအက်ဥပဒေကို ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ထပ်မံပြင်ဆင်ခဲ့သည်။ အဆိုပါအက်ဥပဒေအရ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့ကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့အဖြစ် ဗမာနိုင်ငံ ကြက်ခြေနီအသင်းတွင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ဥပဒေပြဋ္ဌာန်းချက်အရ ဗမာနိုင်ငံကြက်ခြေနီအသင်းကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတ ဦးသိန်းစိန်က လက်မှတ်ရေးထိုးကာ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အများပြည်သူသိရှိစေရန် သတင်းမီဒီယာမှတစ်ဆင့်အသိပေးခဲ့သည်။

**ကြက်ခြေနီအသင်း၏ အခြေခံမူများ**

ကြက်ခြေနီအသင်း၏အခြေခံမူများမှာ-

(၁) လူသားချင်းစာနာထောက်ထားခြင်း (Humanity)
(၂) ခွဲခြားမှုမရှိခြင်း(Impartiality)
(၃) ကြားနေခြင်း(Neutrality)
(၄) လွတ်လပ်ခြင်း(Independence)
(၅) စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း (Voluntary Service)
(၆) စည်းလုံးညီညွတ်ခြင်း(Unity)
(၇) ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ ဖြစ်သည်။

**နှလုံးသားဖြင့်ကူညီ တို့ကြက်ခြေနီ**

ယနေ့ကမ္ဘာပေါ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ၊ ရာသီဥတုပြောင်းလဲမှုများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အခြေအနေများ၊ ပဋိပက္ခများပြည့်နှက်နေသည့်အချိန်ကာလတွင် ကြက်ခြေနီအခြေခံမူ (၇) ချက်မှ လူသားချင်းစာနာထောက်ထားခြင်းဆိုသည့်အချက်ကို ရပ်ရွာလူထုအားလုံးထံ ပျံ့နှံ့ရောက်ရှိရန်၊ ဆောင်ရွက်ကြရန် ရည်ညွှန်းခြင်းပင်ဖြစ်သည်။ စာရေးသူအပါအဝင် ကြက်ခြေနီအသင်းသားအားလုံးတို့သည် အရေးပေါ်အခြေအနေကို ကူညီနိုင်ရန်အတွက် အခြေခံသင်တန်းများ၊ အရေးပေါ်အသက်ကယ်နည်းများ စသည်တို့ကို စနစ်တကျ လေ့ကျင့်သင်ထားကြသည်။

ကြက်ခြေနီအသင်းသည် သက်တမ်းအရှည်ကြာဆုံးကရုဏာအသင်းဖြစ်သည်နှင့်အညီ အကြင်နာမေတ္တာများဖြင့် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ လူမျိုးဘာသာ၊ ကျားမ မရွေး လူတိုင်း၏ဘဝတွင် ကြီးမားသော ပြောင်းလဲမှုဖြစ်စေနိုင်သည့် ကြင်နာမှုများဖြင့် အကူအညီလိုအပ်နေသူများကို ဆက်လက်ကူညီပေးသွားကြမည်ဖြစ်သည်။ ကြက်ခြေနီ အသင်းသား၊ အသင်းသူတို့သည် စည်းလုံးညီညွတ်စွာဖြင့် စေတနာတရားကို ရှေ့တန်းတင်လျက် စေတနာ့ဝန်ထမ်းတာဝန်များကို လူသားချင်းစာနာထောက်ထားသော နှလုံးသားဖြင့် အမြဲတမ်းကူညီဖေးမနေကြမည်ဖြစ်သည်။ အရေးကြုံလာတိုင်း အကူအညီလိုအပ်သူများထံ အရောက်သွားပြီး ရန်သူမိတ်ဆွေမခွဲခြားဘဲ နှလုံးသားဖြင့် ဖေးမကူညီကြမည်ဖြစ်ကြောင်းကို ဖော်ညွှန်းထားခြင်းဖြစ်သည်။

ကြက်ခြေနီဟူသည်မှာ စေတနာ့ဝန်ထမ်းဖြစ်သည်။ လူသားအားလုံးအပေါ် မေတ္တာတရားအခြေခံ၍ ကူညီဖေးမသည့် အဖွဲ့အစည်းဖြစ်သည်။ ရန်သူမိတ်ဆွေမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးသောအဖွဲ့အစည်းဖြစ်သည်။ အရေးကြုံလာသည်နှင့် ပြည်သူတို့၏ အသက်အန္တရာယ်ကို အတတ်နိုင်ဆုံး ကယ်တင်ဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။ လူသားတိုင်းကို နှလုံးသားဖြင့်သာကြည့်သည်။ နှလုံးသားဖြင့်သာ ကူညီသည်။ ရင်မှဖြစ်တည်သော အဖြူရောင်စိတ်ထား နှလုံးသားတို့ဖြင့် ပြည်သူတို့ကို ကူညီဖေးမသော စေတနာ့ဝန်ထမ်းများပင်ဖြစ်သည်။ ထို့ကြောင့် နှလုံးသားဖြင့်ကူညီကြသည့် ကြက်ခြေနီတို့ကို လေးစားဂုဏ်ပြု၍ ၂၀၂၃ခုနှစ် မေလ ၈ ရက်နေ့တွင်ကျရောက်သော ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

❖ ကြက်ခြေနီဟူသည်မှာ စေတနာ့ဝန်ထမ်းဖြစ်သည်။ လူသားအားလုံးအပေါ် မေတ္တာတရားအခြေခံ၍ ကူညီဖေးမသည့်အဖွဲ့အစည်းဖြစ်သည်။ ရန်သူမိတ်ဆွေမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးသောအဖွဲ့အစည်းဖြစ်သည်။ အရေးကြုံလာသည်နှင့်ပြည်သူတို့၏အသက်အန္တရာယ်ကို အတတ်နိုင်ဆုံး ကယ်တင်ဆောင်ရွက်ပေးသော အဖွဲ့အစည်းဖြစ်သည်။ လူသားတိုင်းကို နှလုံးသားဖြင့်သာကြည့်သည်။ နှလုံးသားဖြင့်သာ ကူညီသည်။ ရင်မှဖြစ်တည်သော အဖြူရောင်စိတ်ထားနှလုံးသားတို့ဖြင့် ပြည်သူတို့ကို ကူညီဖေးမသော စေတနာ့ဝန်ထမ်းများပင်ဖြစ်သည်။ ❖

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဧယျပန်းချီပြခန်း၌ ရန်ကုန်အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အောင်ဧယျပန်းချီပြခန်း၌ ရန်ကုန်အွန်လိုင်းပန်းချီပြပွဲကို မေ ၁၅ ရက်မှ မေ ၁၉ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ပန်းချီ ဖြိုးကိုကိုက ပြောပြ၍ သိရသည်။

အဆိုပါ ရန်ကုန်အွန်လိုင်းပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာများဖြစ်သည့် ပန်းချီ စံကြည်၊ ပန်းချီ စောစတီးဖ၊ ပန်းချီ မွန်သက်၊ ပန်းချီ သက်မွန်၊ ပန်းချီ တင်ကိုဇော်၊ ပန်းချီ ဇော်ဇော်ကို၊ ပန်းချီ ဝဏ္ဏဟန်၊ ပန်းချီ မုတ်သုန်တို့၏ ရေဆေး၊ ဆီဆေး၊ အခရီလစ် စသည့် အရောင်အသွေးစုံ လက်ရာစုံပန်းချီကား ၃၅ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခု ပန်းချီကားတွေကတော့ ဒီကာလမှာပဲ အသစ်ရေးဆွဲထားတဲ့ ပန်းချီကားအသစ်တွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ နာမည်ရပန်းချီဆရာတွေရဲ့ ပန်းချီကားအသစ်တွေဖြစ်တဲ့အတွက် ရသအသစ်ကို ခံစားရမှာပါ"ဟု အောင်ဧယျပန်းချီပြခန်းတာဝန်ခံ ပန်းချီ ဖြိုးကိုကိုက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ်ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Ice Road-2 ဇာတ်ကားတွင် မင်းသားကြီး လီအမ်နီဆင် ပြန်လည်ပါဝင်မည်

**နယူးယောက် မေ ၇**

Netflix ၏ Ice Road 2: Road To The Sky ဇာတ်ကားတွင် မင်းသားကြီး လီအမ်နီဆင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က မေ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

Ice Road 2: Road To The Sky ဇာတ်ကားသည် Ice Road (2021) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

မူလ Ice Road ဇာတ်ကားတွင် မင်းသားကြီး လီအမ်နီဆင်သည် ရေခဲပြင်ထရပ်ကားမောင်းသမား မိုက်မက်ကန်းအဖြစ် သရုပ်ဆောင်ခဲ့ပြီး Ice Road-2 တွင်လည်း လီအမ်နီဆင်သည် ထရပ်ကားမောင်းသမား မိုက်မက်ကန်းအဖြစ် ထပ်မံသရုပ်ဆောင်မည်ဖြစ်သည်။

Ice Road-2 ဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ ဂျိုနာသန်ဟန်းစလိတ်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ ဂျိုနာသန်ဟန်းစလိတ်သည် မူလ Ice Road ဇာတ်ကားအပြင် Die Hard With a Vengeance နှင့် Armageddon ကဲ့သို့ ဂန္ထဝင်အက်ရှင်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

KKO



# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသော ရွှေငါးကိုးကောင်ပန်းပုရုပ်များ ဝင်ရောက်လာ

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသော ရွှေငါးကိုးကောင်ပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ပဲခူးမြို့နယ် ရွှေမော်ဓောဘုရားကြီးအနီးရှိ သီရိရတနာအောင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်များသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဒါးပိန်ပန်းပုကျေးရွာမှ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက် ၅၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရွှေငါးကိုးကောင်ပန်းပုရုပ်လေးတွေက ကြာရွက်ကြာဖူးလေးတွေပါရှိပြီး အနုစိတ်လက်ရာမြောက်အောင် ထုလုပ်ထားပါတယ်။ တစ်စုံကို ငွေကျပ် ၉၅၀၀၀ နှုန်းနဲ့ ရောင်းချနေပါတယ်။ အစုံလိုက်ဝယ်ယူသူတွေရှိသလို တစ်ရုပ်ချင်း ဝယ်ယူသူတွေလဲရှိပါတယ်။ ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ လာဘ်ဖွင့်ရုပ်တုအနေနဲ့ အလှထားဖို့ ဝယ်ယူကြတာများပါတယ်"ဟု ဒေါ်သီရိရတနာအောင်က ပြောပြသည်။



အဆိုပါ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသော အမြင့် ၁၄ လက်မ၊ အလျား ၁၃ လက်မ၊ ထုသုံးလက်မအရွယ်အစားရှိ ရွှေငါးကိုးကောင်ပန်းပုရုပ်များမှာ တစ်ရုပ်လျှင် ငွေကျပ် ၉၅၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လတ်တလောတွင် ပန်းပုရုပ် ၂၀ ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# My Spy-2 ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် မေ ၇**

Amazon စတူဒီယို၏ My Spy-2 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်း တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

My Spy-2 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းပြီးဆုံးမှုကို အဆိုပါဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသည့် အက်ရှင်မင်းသား ဒေ့ဘာတစ္စတာက အင်စတာဂရမ်စာမျက်နှာ၌ အတည်ပြုထားသည်။

My Spy-2 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းများမှာ အီတလီနိုင်ငံ၌ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း မင်းသား ဒေ့ဘာတစ္စတာက ပြောကြားထားသည်။

မူလ My Spy(2020) ဇာတ်ကားသည် ဉာဏ်ရည်အလွန်ကောင်းသော အသက်ကိုးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦးနှင့် စီအိုင်အေထောက်လှမ်းရေးသမားတစ်ဦးတို့အကြောင်း ရိုက်ကူးထားသည့် ဟာသအက်ရှင်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပီတာဆီးဂဲက တာဝန်ယူရိုက်ကူးခဲ့ပြီး ဒေ့ဘာတစ္စတာနှင့် ကလေးသရုပ်ဆောင် ကလိုးကိုးမင်းတို့ ပါဝင်သရုပ်ဆောင်ခဲ့သည်။

My Spy-2 ဇာတ်ကားကိုလည်း အထက်ပါသရုပ်ဆောင်များနှင့်ပင် ဒါရိုက်တာ ပီတာဆီးဂဲက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO



# တေးသံရှင် သူဇာအောင်၏ ကျွန်မရုပ်ရည် မြန်မာမှုသီချင်းများတေးစီးရီး ထွက်ရှိမည်

**ရန်ကုန် မေ ၇**

တေးသံရှင် သူဇာအောင်၏ ကျွန်မရုပ်ရည်အမည်ရှိ မြန်မာမှုသီချင်းသစ်များ တေးစီးရီးကို ဂီတမြို့တေးထုတ်လုပ်ရေးမှ မေလကုန်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။




ကျွန်မရုပ်ရည် အမည်ရှိ မြန်မာမှုတေးစီးရီးတွင် တေးသီချင်း ၁၈ ပုဒ်ပါရှိမည်ဖြစ်ပြီး ၎င်းတေးသီချင်းသစ်များကို အကယ်ဒမီ မိရာမိုရ်က ရေးသားထားခြင်းဖြစ်ကာ အကယ်ဒမီ မြန်မာပြည်ကျော်စိမ်းက တီးခတ်ပေးထားကြောင်း သိရသည်။

"ဒီတေးသီချင်းသစ်တွေကို ၂၀၂၁ ခုနှစ်ကတည်းက မကြိုက်ရင်ပြင်ပြီး စိတ်ကြိုက်လုပ်လာလိုက်တာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ပြီးပါတယ်။ နောက်ပြီး အခွေပိုင်းကို စိတ်ကြိုက်လုပ်နေတဲ့အတွက် ဒီလကုန်လောက်မှဖြန့်ချိနိုင်မှာပါ။ တေးသီချင်းတွေအကုန်လုံးကတော့ အသစ်တွေချည်း၊ မြန်မာသံတွေချည်းပါပဲ။ ဆရာမိရာမိုရ် စိတ်ကြိုက်ဖန်တီးထားသလို မြန်မာပြည်ကျော်စိမ်းကလဲ အကောင်းဆုံး တီးခတ်ပေးထားပါတယ်"ဟု တေးသံရှင် သူဇာအောင်က ပြောပြသည်။

မြန်မာသံတေးသံရှင် သူဇာအောင်၏ ကျွန်မရုပ်ရည်အမည်ရှိ မြန်မာမှုသီချင်းသစ်များ တေးစီးရီးကို ဂျပန်နိုင်ငံမှတစ်ဆင့် နိုင်ငံတကာသို့လည်း ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Rakhine State government decides to disburse loans to salt farmers from the State economic promotion fund


Photo shows a salt production site.

**Sittway May 7**

The Rakhine State government will disburse K1 billion loan from the State economic promotion fund to local salt farmers in May this year so as to develop salt farming industries in Rakhine State, said Rakhine State Minister for Natural Resources U Than Tun.

The disbursement of loans will cover salt farmers in groups from the townships primarily engaging in the salt farms in Rakhine State.

"Loans will be issued to all townships of Rakhine State which operate salt farms. The state government will present loans to local salt farmers from Kyaukpyu, Sittway and Pauktaw townships in mid-May. Currently, officials compile the data of loan amount and number of borrowers," he added.

In the previous year, coarse salt was traded at K70-K80 per viss compared to K150 per viss this year.

The salt farming industries with the use of solar power in Rakhine State are being operated in Kyaukpyu, Thandwe, Pauktaw, Sittway, Ponnagyun, Myebon, Thandwe, Maugtaw, Taugup, MraukU, Minbya and Yanbye townships from January to April.

ASH

# Texas shooting: Eight killed by gunman in Allen mall

**Texas May 7**

A gunman has shot and killed eight people shopping at a mall north of Dallas, Texas, emergency services say.

Hundreds of people were evacuated from the Allen Premium Outlets mall as eyewitnesses described a man firing indiscriminately at passers-by.

A police officer on an unrelated call killed the gunman after hearing shots.

Some of the victims are reported to be children. At least seven people are being treated in hospital, three of whom are critically ill.

Allen Fire Chief Jonathan Boyd said seven people - including the gunman - were pronounced dead at the scene and two died later in hospital.

A police officer at the mall "heard gunshots, went to the gunshots, engaged the suspect and neutralised the suspect," Allen Police Chief Brian Harvey said.

The victims' ages range from 5 to 51, according to a hospital spokesperson.

Some witnesses described the gunman as dressed all in black and wearing combat gear. Footage taken after the gunman's death appeared to show an AR-15 style rifle lying near his body.

Texas Governor Greg Abbott described the shooting as an "unspeakable tragedy" and said the state was ready to offer any assistance to local authorities.

BBC

# Myanmar imports over 42,000 tons of fertilizer worth over US$23 million during March

**Nay Pyi Taw May 7**

Myanmar imported more than 42,000 tons of fertilizer worth more than US$23 million were imported in March as the rainy season is approaching, according to reports from the Ministry of Commerce.

The rainy season is the season when plants and crops grow. Trees, flora and crops will need fertilizers when they grow.

In March, Myanmar imported 20,000 tons of fertilizers from China, 10,000 tons from Malaysia, 4,800 tons from South Korea, 1,000 tons from the United Arab Emirates, 1,800 tons from Malaysia, 1,000 tons from Laos, 600 tons from Vietnam, 500 tons from Uzbekistan, 500 tons from Canada, 260 tons from Israel, 70 tons from Japan, 20 tons from Mexico, and 10 tons from India, totaling 40,560 tons of fertilizers, through sea trade routes.

Similarly, Myanmar imported 1,800 tons of fertilizers from China, 300 tons from India and 60 tons from Thailand, totaling 2,160 tons of fertilizers, via the border trade route in March.

336


Imported bags of fertilizer stored in a warehouse.

# Manipur violence: Dozens dead as ethnic clashes grip Indian state

**Manipur May 7**

At least 30 people have been killed in ethnic clashes in the north-eastern Indian state of Manipur, officials say.

The violence began earlier this week after a rally by indigenous communities against moves to grant tribal status to the main ethnic group in the state.

Mobs attacked homes, vehicles, churches, and temples. Some reports put the death toll as high as 54.

Around 10,000 people have reportedly been displaced. Thousands of troops have been sent in to maintain order.


A curfew is in place in several districts and internet access has been suspended.

Neighbouring states have begun evacuating their students from Manipur, which is in India's northeast and close to the border with Myanmar.

The army says it is bringing the situation under control but the Hindu-nationalist BJP-led government in the state has been accused of not doing enough to prevent the violence.

Members of the Meitei community, who account for at least 50% of the state's population, have been demanding inclusion under the Scheduled Tribe category for years.

BBC


Thousands of troops have been sent in to Manipur to help stop the violence.

# UMFCCI MSME Fairs 2023 to take place at Lotte Hotel in Yangon this month

**Yangon May 7**

The UMFCCI MSME Fair 2023 which will showcase products from micro, small and medium sized enterprises across the nation will be held at Lotte Hotel in Yangon in May, said CEC member Dr Aung Win of UMFCCI.

The fair will take place on 7 and 8 May. It will allot more than 120 booths of MSMEs in addition to arranging the talk shows and discussions.

"The fair aims to develop MSME businesses. It will primarily show off domestic products of MSME businesses and services. Depending on the display of booths, initiatives, packaging process and services, the fair will present the MSME outstanding awards to businesspersons," said the CEC member.

The fair will comprise the fashion shows which will create traditional costumes with the essence of MSME businesses.

ASH

# More than 600 travellers per day pay visits to Chaungtha beach in April



The Chaungtha beach seen with visitors.

**Chaungtha May 7**

More than 600 travellers paid visits to Chaungtha beach in Pathein Township of Ayeyawady Region on a daily basis in April, tour guide in-charge Daw Myint Myint Aye of Chaungtha Travels Association was quoted as saying.

In March, more than 200 visitors toured Chaungtha beach, compared to more than 600 travellers per day from 1 April. Most of those travellers came from Yangon Region and Nay Pyi Taw.

"This season, number of travellers to Chaungtha beach was larger than previous years. Number of travellers is on the remarkable rise month after month. Hence, the tourism services resurge. Most of them take shelter during the hot season at the beach," she noted.

Thanks to increasing number of travellers, hotel services, motorboat services, horse renting, restaurants, tour guide, souvenir shops, seafood shops, vehicle, motorbikes and tuk-tuk renting services are booming.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Kanpaiti border trade zone in Kachin State handles trade volume exceeding the target before end of April

**Kanpaiti May 7**

Kanpaiti border trade zone in Kachin State could handle export of tissue banana to China in 2023-24 fiscal year exceeding the target before end of April, said director U Nanda of Trade Policy Branch of Trade Department under the Ministry of Commerce.

The trade zone managed export of tissue banana to China in April exceeding the target, amounting to over US$8 million.

"The trade zone has to meet the target of $15 million worth of export commodities and $900,000 worth of import goods, totalling $15.9million in April of 2023-24 fiscal year. Actually, the trade zone handled $24.755 million worth of trade volume in April," said U Nanda.

Before Covid-19 period, Kachin State cultivated 70,000 acres of tissue banana but 50,000 acres at present. Income per acre reaches some $6,000. So, preparations are being made to expand the sown acreage for tissue banana.

A total of 32 registered companied export tissue banana from more than 50,000 acres of plantations to China. It is only export purpose but local consumption.

Kanpaiti border trade camp primarily manages export of tissue banana and import of empty cargo containers, invested materials, construction materials, personal goods and clothes. ASH



Kampaiti border trade zone.

# Number of trucks resurges to transport watermelon and mango to China as from last week of April

**Lweje May 7**


Number of trucks carrying watermelon and mango to be transported to China via Lweje border resurged as from the last week of April, said Daw Tu, Vice Chair of Kachin State Highway Cargo Transport Entrepreneurs Association.

Currently, goods from Kachin State flow out to China via Lweje border. In the post-Thingyan period, number of cargo trucks which will transport watermelon and mango, rice, chilli ad onion via the border resurged.

"Now, number of export items such as watermelon, mango, rice, chilli, onion, fish paste and dried fish is on the rise to be exported to China via land border in Lweje. So, number of 22-wheeled vehicles are increasing at the border," said explained.

Number of trucks leading to China reached more than 200 per day in the second week of April, compared to more than 400 trucks per day in the last week of April.

"Some 12-wheel trucks carry maize and other commodities heading for China," she added. 184



Cargo trucks at Lweje border trade camp.

# Yangon Region allows two new businesses of Myanmar citizens, foreigner investors in April

**Yangon May 7**

Yangon Region Investment Committee allowed two new businesses of Myanmar citizens and foreign investors in April 2023 to create 163 jobs for local people, said U Nyi Nyi Min, Secretary of Yangon Region government office.

As the committee approved one business of citizen business and one more business of foreign investors in Yangon Region in April 2023, these businesses will generate jobs for 163 local people. These new businesses are industry and CMP garment industries.

U Nyi Nyi Min said, "The meeting of the region investment committee held on 26 April approved these new businesses. These are to export raw rubber to foreign countries and distribution of cartons at home. Its investment amounted to K2.5 billion and US$1 million."

During the period, new invested businesses are being operated and some of them are increased with the investment amount as well as number of workers. Yangon Region Investment Committee approves the invested businesses for creation of job opportunities for local people under the law.

ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အက်စ်တိုးနီးယားနိုင်ငံက အစ္စရေးလေကြောင်းအာကာသစက်မှုလုပ်ငန်းနှင့် Loitering Munitions များဝယ်ယူရန် သဘောတူညီ



ရုရှား-ယူကရိန်း ပဋိပက္ခအပေါ် သင်ခန်းစာဖော်ထုတ်၍ Loitering Munitions များ၊ တိုက်ခိုက်ရေးဒရုန်းများ ဝယ်ယူရန် အစ္စရေးအာကာသစက်မှုလုပ်ငန်း (IAI) နှင့် အက်စ်တိုးနီးယားတို့ သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း www.thedefense-post.com သတင်းရင်းမြစ်က မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အက်စ်တိုးနီးယားနိုင်ငံ၏ အထင်ရှားဆုံးသော ကာကွယ်ရေးစစ်လက်နက်၊ ပစ္စည်းဝယ်ယူမှုများထဲမှ တစ်ခုဟု ယူဆနိုင်မည်ဖြစ်ပြီး အဆိုပါဝယ်ယူရေးသဘောတူစာချုပ်သည် နိုင်ငံ၏သွယ်ဝိုက်ပစ်ခတ်မှုတိုက်စွမ်းရည်ကို သိသိသာသာတိုးမြှင့်စေလိမ့်မည်ဖြစ်သည်။

Loitering Munitions များသည် အဝေးမှရန်သူများကို အသာစီးရစေပြီး အက်စ်တိုးနီးယား၏ လက်ရှိသဘော်ဖျက်ဒုံးကျည်များ၊ တာဝေးပစ်အမြောက်ကျည်များနှင့် အတွဲလိုက်ပစ်ဒုံးကျည်စနစ်များကို တိုက်စွမ်းအားဖြည့်တင်းပေးနိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။ ဖေဖော်ဝါရီလတွင် အက်စ်တိုးနီးယားအစိုးရအဖွဲ့က အစည်းအဝေးတစ်ခုအတွင်း သဘောတူညီချက်အတွက် အစီအစဉ်များကို ကနဦးထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ပထမဦးဆုံးအသုတ် ရောက်ရှိလာခြင်းနှင့်အတူ လေ့ကျင့်သင်ကြားပေးရေးများ တစ်ပါတည်းဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။

အက်စ်တိုးနီးယားနိုင်ငံကာကွယ်ရေးတပ်ဖွဲ့များသည် လက်ရှိတွင် Self-Propelled Howitzer ဟောင်စ်ဇာတပ်မများနှင့် ပေါင်းစည်းလှုပ်ရှားတပ်ဖွဲ့များကို သွယ်ဝိုက်ပစ်ကူပေးမှုများအတွက် တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ လာမည့်နှစ်နှစ်အတွင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များတွင် တာဝေးပျံ Loitering Munition တိုက်ခိုက်ရေးဒရုန်းများနှင့် အတွဲလိုက်ဒုံးပစ်လောင်ချာများစွာကို ထပ်မံဖြည့်တင်းဝယ်ယူသွားရန်လည်းရှိနေသည်။

ရုရှားသည် သွယ်ဝိုက်တိုက်စွမ်းအားများဖြင့် ယူကရိန်းတွင် ထိရောက်စွာတိုက်ပွဲဝင်နိုင်နေသောကြောင့် အဆိုပါသွယ်ဝိုက်ပစ်ခတ်တိုက်ခိုက်နိုင်မှုစွမ်းအား တစ်နည်းအားဖြင့် သွယ်ဝိုက်တိုက်စွမ်းအား (Indi-rect Fire) ၏ အရေးပါမှုကို ခန့်မှန်း၍မရနိုင်ကြောင်း အက်စ်တိုးနီးယားနိုင်ငံကာကွယ်ရေးဝန်ကြီး Hanno Pevkur ကပြောကြားခဲ့သည်။ အသုံးပြုသူများသည် ရန်သူကို လျင်မြန်စွာတွေ့မြင်နိုင်ပြီး ၎င်းကိုယ်တိုင်က အချိန်နှင့်တစ်ပြေးညီရရှိထားသောအချက်အလက်များအပေါ် အခြေခံ၍ ပြတ်ပြတ်သားသားလုပ်ဆောင်ရန် ပစ်ခတ်တိုက်ခိုက်နိုင်စွမ်းကို အသုံးပြုရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိစွာ တုံ့ပြန်နိုင်စွမ်းတို့ကို Loitering Munition များ အသုံးပြုခြင်းက ထိထိရောက်ရောက် အသုံးဝင်ပါလိမ့်မည်ဟု IAI အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ Boaz Levi က ပြောကြားသည်။

ဝယ်ယူအသုံးပြုရန်အတွက် ဈေးကွက်သုတေသနကို ၂၀၂၂ ခုနှစ်တွင်စတင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ စက်မှုလုပ်ငန်းလုပ်ဖော်ကိုင်ဖက်များ၏ ထုတ်ကုန်များအပေါ် ပြန်လည်သုံးသပ်ခဲ့သည်။ အစိုးရတာဝန်ရှိသူများသည် တာဝေးပစ်ထိုးစစ်သုံးလက်နက်များကို တိကျမှုမြင့်မားခြင်း၊ ကျယ်ပြန့်စွာ တစ်ပြိုင်နက်တည်းထိုးစစ်ဆင်နိုင်စွမ်းနှင့် စွမ်းအားကောင်းသောလက်နက်များ ရရှိရန်သာ အာရုံစိုက်ခဲ့သည်။

"တာဝေးပစ် Loitering Munition လက်နက်ခဲယမ်းဈေးကွက်က လက်ရှိမှာ လှုပ်လှုပ်ရွရွဖြစ်နေပါတယ်။ ဒီဈေးကွက်ရဲ့ အနာဂတ်မှာ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေ ပါဝင်လာမှာသေချာပြီး လာမဲ့နှစ်တွေမှာ ဒီစနစ်တွေ နောက်ထပ်ပြောင်းလဲလာမဲ့ အချက်တွေကို ထုတ်ဖော်သွားနိုင်မှာပါ"ဟု အက်စ်တိုးနီးယား ကာကွယ်ရေးစစ်လက်နက်ရင်းနှီးမြှုပ်နှံမှုစင်တာမှ မန်နေဂျာ Ramil Lipp က ပြောကြားခဲ့သည်။

"အတိအကျမဖော်ပြနိုင်တဲ့ တာဝေးပစ်လက်နက်တွေအတွက် အမှာစာတွေ ကျွန်တော်တို့ပို့ထားပြီးပါပြီ။ အနာဂတ်မှာ ကွဲပြားတဲ့နည်းပညာစွမ်းရည်တွေနဲ့ ကွဲပြားတဲ့အကွာအဝေးကို ပစ်ခတ်တိုက်ပွဲဝင်နိုင်ဖို့အတွက် တာဝေးပစ်လက်နက်တွေကို ဝယ်ယူဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ဆက်လက်ထည့်သွင်းပြောကြားသည်။

**Estonia Taps Israel Aerospace Industries to Supply Loitering Munitions ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျသို့ ကန်ဒေါ်လာ ၂၀၇ သန်းတန် စောင့်ကြည့်ထောက်လှမ်းရေးစနစ်များရောင်းချမှု အမေရိကန်အတည်ပြု

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်ဒေါ်လာ ၂၀၇ သန်းတန် Surveillance Towed Array Sensor System Expeditionary (SURTASS-E) စောင့်ကြည့်ထောက်လှမ်းရေးစနစ်များကို ဩစတြေးလျအစိုးရထံ ရောင်းချရန် သဘောတူခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း www.the defensepost.com သတင်းရင်းမြစ်က မေ ၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရောင်းချမှုသည် ရန်သူရေငုပ်သင်္ဘောများကို ထောက်လှမ်းနိုင်စေရန် ဩစတြေးလျနိုင်ငံ၏ ပင်လယ်ရေကြောင်းစောင့်ကြည့်ရေးစွမ်းရည်ကို တိုးမြှင့်ပေးနိုင်လိမ့်မည်ဟု သတင်းရရှိသည်။

အမေရိကန်ကာကွယ်ရေး- လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DS-CA) ၏ကြေညာချက်အရ ဩစတြေးလျနိုင်ငံကို ခိုင်မာသောကာကွယ်ရေးအနေအထားတစ်ရပ်ကို တည်ဆောက်ထိန်းသိမ်းနိုင်စေရန်နှင့် ဒေသတွင်းတည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ပြောကြားထားသည်။

SURTASS-E စောင့်ကြည့်ထောက်လှမ်းရေးစနစ်များအပြင် ဩစတြေးလျအစိုးရသည် ကမ်းခြေမှလုပ်ဆောင်ရေးစနစ်၊ ထပ်ဆောင်း SURTASS Passive Acoustic Array အသံပိုင်းဆိုင်ရာအာရုံခံစနစ်၊ ဆက်သွယ်ရေးအစိတ်အပိုင်းများနှင့် လိုအပ်သောပံ့ပိုးရေးပစ္စည်းများကို ဝယ်ယူဖြည့်တင်းသွားနိုင်ရန် တောင်းဆိုထားခြင်းဖြစ်သည်။

၎င်းဝယ်ယူရေးအဆိုပြုမှုတွင် ဆော့ဖ်ဝဲလ်ပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းမှု၊ အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပံ့ပိုးမှု၊ လေ့ကျင့်ရေး၊ သင်တန်းပေးရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများ ပါဝင်လျက်ရှိသည်။ စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၀၇ သန်းဖိုးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိသည်ဟူသော ဩစတြေးလျနိုင်ငံ၏ ယူဆချက်ဖြင့် ခေတ်မီဆန်းပြားသော ရေကြောင်းစောင့်ကြည့်ရေးစနစ်များ ပိုင်ဆိုင်နိုင်ရေး ရည်ရွယ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်သည် တောင်တရုတ်ပင်လယ်ရှိ ကျွန်းသုံးကျွန်းထက်မနည်း စစ်ရေးအရ တည်ဆောက်အခြေချမှုများ လုပ်ဆောင်ခဲ့ပြီး ဩစတြေးလျ၊ ဂျပန်နှင့် ဖိလစ်ပိုင်တို့က ၎င်းတို့၏ ရေကြောင်းဆိုင်ရာစွမ်းရည်များကို မြှင့်တင်ရန်အတွက် တွန်းအားများ ဖြစ်ပေါ်လာစေခဲ့ခြင်းလည်းဖြစ်သည်။

သင်္ဘောများတွင် တပ်ဆင်အသုံးပြုမည့် SURTASS-E စောင့်ကြည့်ထောက်လှမ်းရေးမစ်ရှင်စနစ်များသည် တန်ပြန်ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစွမ်းရည်များ လုံလောက်စွာပိုင်ဆိုင်ထားသော ဩစတြေးလျနိုင်ငံအနေဖြင့် ကြီးမားသော ပင်လယ်ပြင်ဧရိယာကို လွှမ်းခြုံစောင့်ကြည့်နိုင်ရန် များစွာအထောက်အပံ့ပေးနိုင်လိမ့်မည်ဖြစ်သည်။



ကြီးမားကျယ်ပြန့်သောဧရိယာအတွင်း အသံပိုင်းဆိုင်ရာ စောင့်ကြည့်ထောက်လှမ်းခြင်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ဩစတြေးလျ စစ်ဘက်ကွပ်ကဲမှုဌာနချုပ်များထံ လမ်းညွှန်ချက်များနှင့် ကြိုတင်သတိပေးချက်များကို ထုတ်လွှင့်ပေးပို့နိုင်မည်ဖြစ်ကာ ပင်လယ်ရေကြောင်းလုံခြုံရေးကို သိသိသာသာတိုးတက်လာစေလိမ့်မည်ဟု အမေရိကန်ကာကွယ်ရေး-လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (DSCA) က ဖော်ပြခဲ့သည်။

"ဩစတြေးလျမှာ ဒီပစ္စည်းတွေကို လက်နက်ကိုင်တပ်ဖွဲ့တွေလက်ထဲ ပေးအပ်လိုက်ပြီး တပ်ဖြန့်အသုံးပြုဖို့ရာ အခက်အခဲတစ်စုံတစ်ရာရှိမှာမဟုတ်ပါဘူး"ဟု DSCA က ထည့်သွင်းဖော်ပြထားသည်။

**US Clears $207M Maritime Surveillance Systems Sale to Australia ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ပထမဆုံးအကြိမ်လာရောက်လည်ပတ်



**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ်ရှိ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ် ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အတွင်း ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ပထမဆုံးလာရောက်လည်ပတ်ခဲ့ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (ရခိုင်ပြည်နယ်)မှ ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်မမထံမှ သိရသည်။

အဆိုပါ ထိုင်းခရီးသွားအဖွဲ့သည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းခရီးသွားအဖွဲ့ ပထမဆုံး လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး မြောက်ဦးမြို့၏ အထင်ကရနေရာများသို့ လှေလာလည်ပတ်ခဲ့ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ပထမဆုံး ပြည်ပဧည့်သည်တွေကို တွေ့ရတာပါ။ ဧည့်သည်တွေ လာရောက်လည်ပတ်တဲ့ကာလမှာ သျှစ်သောင်းပုထိုးတော်ကြီးရဲ့ဘုရားပွဲတော်ကို ကျင်းပနေတဲ့ကာလပါ။ သျှစ်သောင်းပုထိုးတော်ကြီးရဲ့ဘုရားပွဲတော်မှာ ကျင်းပပြုလုပ်တဲ့လှေပြိုင်ပွဲကတော့ အစည်ကားဆုံးလှေပြိုင်ပွဲပါ။ ဒီလိုပြိုင်ပွဲတွေကိုပါ မြင်တွေ့ခွင့်ရလို့ ဧည့်သည်တွေလဲ တော်တော်ကို ပျော်ရွှင် ကျေနပ်ကြပါတယ်"ဟု ဒေါ်တင်မမက ပြောပြသည်။

မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပထဆုံးလာရောက်လည်ပတ်ခဲ့သည့်အဖွဲ့တွင် ထိုင်းအမျိုးသား ရှစ်ဦးနှင့် ထိုင်းအမျိုးသမီး ရှစ်ဦး လာရောက်ခဲ့ပြီး အသက် ၅၀ ကျော် ထိုင်းဧည့်သည်များနှင့် အသက်၂၀ ခန့် ထိုင်းအမျိုးသမီး သုံးဦးလည်း ပါဝင်ကြောင်း၊ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကိုးသောင်းပုထိုးတော်ကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးတော်ကြီး၊ သကျမာရ်အောင်စေတီ၊ နန်းတော်ရာဟောင်း၊ လက်ဆည်ကန်နှင့် စန္ဒမုနိပေါ်တော်မူဆုတောင်းပြည့် မဟာကျန်ဘုရားတို့ကို လည်ပတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြောက်ဦးဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် (UNESCO) စာရင်းဝင်ရောက်နိုင်ရန်အတွက် အဆိုပြုလွှာမူကြမ်းတင်ထားပြီးဖြစ်ပြီး မြောက်ဦးမြို့ကို ယူနက်စကိုထိန်းသိမ်းစောင့်ရှောက်ခံဒေသဖြစ်စေရန် ရိုက်ကူးပြသခဲ့သည့် ကျွန်မရဲ့ပုန်းကွယ်နေသောမြို့ မှတ်တမ်းရုပ်ရှင်ဇာတ်ကားမှာ ပြင်သစ်နိုင်ငံ Nice မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပွဲတော်၌ အကောင်းဆုံး မှတ်တမ်းရုပ်ရှင်ဇာတ်ကားတိုဆုကို ရရှိခဲ့ကြောင်း သိရသည်။

ASH

# အုတ်တွင်းမြို့နယ် ကျောင်းစုကျေးရွာ၌ ကျောက်ရောမြောင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အုတ်တွင်း မေ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောင်းစုကျေးရွာ၌ ကျေးရွာတွင်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



အုတ်တွင်းမြို့နယ် ကျောင်းစုကျေးရွာ၌ အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၄၈ ဒသမ ၉၇ သိန်း အသုံးပြုပြီး အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

ကိုညီ

# အင်္ဂပူမြို့နယ် တောနေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ မေ ၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောနေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောနေစမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅ ဦးကို ငွေကျပ် ၄၈ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၉ ဒသမ ၈၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၇-၅-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၁၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၁၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)







**စာမျက်နှာ ၁၇ မှအဆက်**

ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှာ ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်ပြီး အနီးကပ်စောင့်ကြည့်နိုင်ဖို့ လျင်မြန်စွာ တုံ့ပြန်နိုင်ဖို့အတွက် Disaster Management Center ဖွင့်လှစ်ပြီး စောင့်ကြည့်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်ပိုင်းအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်ရင်းတပ်ဖွဲ့များကို သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုကို အမြန်ဆုံးကူညီရမယ်ဆိုပြီး ညွှန်ကြားပြီးဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင်ဦးစီးပြီး လုပ်ငန်းကော်မတီကို ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က ဦးစီးဆောင်ရွက်လျက်ရှိတယ်။ တပ်မတော်အဆင့်အနေဖြင့် သဘာဝဘေးအန္တရာယ်တုံ့ပြန်ကာကွယ်ရေးအတွက် လိုအပ်တဲ့ညှိနှိုင်းဆောင်ရွက်မှုများ ညှိနှိုင်းဆောင်ရွက်လျက်ရှိတယ်။ တိုင်းစစ်ဌာနချုပ်အဆင့်၊ ဒေသအဆင့်အနေဖြင့် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ နောက်ဆုံးအပိုင်းအနေဖြင့် ပြည်သူလူထုကို အသိပေးချင်တာက နိုင်ငံပိုင်မီဒီယာတွေမှ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်လွှင့်တာတွေကို အလေးထားနားထောင်လိုက်နာဖို့ အကြံပြုလိုပါတယ်။ ဒါ့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အသီးသီးက မုန်တိုင်းကျရောက်စဉ် လုပ်ဆောင်ရမည့်အချက်များ၊ ရှောင်ရှားရမည့်အကြံပြုချက်များကို ထုတ်ပြန်လျက်ရှိတယ်။ ပြည်သူများက လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ လေဖိအားနည်းရပ်ဝန်းအဆင့် ခန့်မှန်းချက်များဖြစ်တယ်။ သတိထားရမှာဖြစ်တယ်။ စိုးရိမ်မှုလွန်ကဲဖို့မလိုပါဘူး။ မုန်တိုင်းစတင်ဖြစ်ပေါ်လာပြီဆိုရင် အရောင်နဲ့ သတိပေးတဲ့စနစ်တွေစတင်မှာဖြစ်ပါတယ်။ အဝါရောင်ဆိုရင် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်မှာ မုန်တိုင်းစနေပြီ။ အခြေအနေကို သတိထားဖို့လိုမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းမီဒီယာတွေရဲ့ ထုတ်လွှင့်ချက်တွေကို သတိထားနားဆင်ဖို့ ဖြစ်ပါတယ်။ ဒီအဆင့်ကနေ မြန်မာ့ကမ်းရိုးတန်းကိုဦးတည်နေပြီး မုန်တိုင်းက မိမိနေထိုင်ရာကိုဦးတည်ရွေ့လျားနေပြီဆိုရင် လိမ္မော်ရောင်အဆင့်ထုတ်ပြန်မှာဖြစ်ပါတယ်။ ဒီအချိန်မှာ ပိုပြီးအထူးသတိထားစောင့်ကြည့်နားထောင်ဖို့လိုပါတယ်။ ဒီမုန်တိုင်းက မြန်မာ့ကမ်းရိုးတန်းကို ၁၂ နာရီအကြာလောက်မှာ ရောက်ရှိလာနိုင်တယ်လို့ခန့်မှန်းပြီဆိုရင် အန္တရာယ်ရှိပြီး အနီရောင်အဆင့်ထုတ်ပြန်မှာဖြစ်ပါတယ်။ စိတ်ချရတဲ့နေရာတွေကို ပြောင်းရွှေ့နေထိုင်ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရတွေ၊ မြို့နယ်/ခရိုင်အဆင့် အုပ်ချုပ်ရေးအဖွဲ့တွေ အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအဖွဲ့တွေက အချိန်မီတုံ့ပြန်သွားမှာဖြစ်ပြီး အညိုရောင်အဆင့် မုန်တိုင်းတိုက်ခတ်နေတဲ့အဆင့်မှာလည်း လုံခြုံစိတ်ချရတဲ့ အချိန်မှာခိုလှုံဖို့ဖြစ်ပါတယ်။ ပြီးမှ ထုတ်ပြန်ချက်တွေအရ အားပျော့ပျက်ပြယ်သွားပြီဆိုမှ စိတ်ချရတဲ့နေရာတွေ မိမိနေရာများကို ပြောင်းရွှေ့နေထိုင်နိုင်မှာဖြစ်ပါတယ်။ ထုတ်ပြန်ချက်တွေနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအဖွဲ့တွေက မုန်တိုင်းနှင့်ပတ်သက်ပြီး ထုတ်ပြန်ချက်တွေ၊ အသေးစိတ်အသိပေးချက်တွေကိုလုပ်ထားပါတယ်။ ဥပမာဆိုရင် မုန်တိုင်းတိုက်ခတ်နေစဉ် မုန်တိုင်းဗဟိုဖြတ်နေစဉ်မှာ လေငြိမ်သွားမှာပဲ။ ပြီးရင်တော့ ဆန့်ကျင်ဘက်မှ ပိုပြီးလေတိုက်ခတ်လာနိုင်တဲ့အတွက် လေငြိမ်သွားပြီဆိုပြီး အသေးစိတ်ထုတ်ပြန်ချက်ကအစ ဆောင်ရွက်ထားပါတယ်။ ဒါတွေကိုလည်း လိုက်နာကြဖို့၊ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။ ပြီးရင်တော့ ကောလာဟလတွေကိုမယုံကြည်ကြဖို့နဲ့ တရားဝင်သတင်းမီဒီယာတွေရဲ့သတင်းကို နားစွင့်ဖို့လိုတယ်လို့ ပြောချင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့က အားလုံးညွှန်ကြားပြီးဖြစ်ပြီး လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိပါဘူး။ အစိုးရအနေနဲ့ မုန်တိုင်းသတင်းနှင့်ပတ်သက်ပြီး အလေးအနက်ထားစောင့်ကြည့်လျက်ရှိပါတယ်။ ဝန်ကြီးချုပ်ကိုယ်တိုင်ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများအနေနဲ့ အုပ်ချုပ်ရေးစေတနာရှင်အဖွဲ့အသီးသီးနဲ့ပူးပေါင်းပြီး ဖြတ်ကျော်ရမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့ကတော့ ပြည်သူများ သဘာဝဘေးအန္တရာယ်ကနေ အဆုံးအရှုံးအနည်းဆုံးနဲ့ ကျော်လွှားနိုင်စေရေးကို အခုချိန်ကစပြီး အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားချင်ပါတယ်။ ။






# နယ်စပ်ရေးရာဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်းတို့မှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

ဖွင့်ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က မကြာမီရက်ပိုင်းအတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် လေဖိအားနည်းရပ်ဝန်းမှ တစ်ဆင့် ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲကာ မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ဝင်ရောက်လာနိုင်သည့် သတိပေးချက်များရှိကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဆိုပါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုအပြင် ၎င်းနှင့်ဆက်စပ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ရုံး၊ ဌာန၊ သင်တန်းကျောင်းများတွင် လူ၊ ပစ္စည်း၊ ယာဉ်၊ ယန္တရားများ တတ်နိုင်သမျှ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ဆေးဝါး၊ ရိက္ခာ၊ သန့်ရှင်းသောရေ၊ အသက်ကယ်ပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို အသင့်ပြင်ဆင်ထားရှိရန်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ရုံးများ၊ ကျောင်းများ၌ အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန်အတွက် စုဖွဲ့ထားရှိသည့် Rescue Teams များအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းသဘာဝဘေးကျရောက်လာချိန်တွင် သဘာဝဘေးသင့်ပြည်သူများအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပ

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ အတွင်းရေးမှူး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းပြပွဲကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ထုတ်ကုန်ပစ္စည်းပြပွဲကို ဈေးကွက်ရှာဖွေပေးခြင်း၊ ဘဏ္ဍာရေးလိုအပ်ချက်များ အဖြေရှာပေးခြင်း၊ တီထွင်ဆန်းသစ်မှုကို အားပေးခြင်း၊ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း၊ နည်းပညာအခက်အခဲများကူညီဖြေရှင်းပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းနှင့် ဖန်တီးပေးခြင်း၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များနှင့် ချိတ်ဆက်ပေးခြင်း စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏၉၀ ရာခိုင်နှုန်းကျော်သည် MSME များဖြစ်ကြောင်း၊နိုင်ငံစီးပွားရေးတိုးတက်လာစေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးတွန်းအားပေးဆောင်ရွက်ရန် လိုအပ်သည့်အတွက် လက်ရှိပြဋ္ဌာန်းထားသည့်မူဝါဒ၊ဥပဒေနှင့်နည်းဥပဒေများပြင်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် အဆင့်မြင့်ဒစ်ဂျစ်တယ်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ဒစ်ဂျစ်တယ်အသုံးပြုမှုစွမ်းရည်များ မြှင့်တင်ပေးနိုင်ရန် မဲခေါင်-လန်ချန်းရန်ပုံငွေဖြင့် "MSMEs Upskilling and Reskilling Digital Capacity Development Program for Integrating in the Digital Economy"စီမံကိန်းကို ၂၀၂၂ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ MSMEဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အစိုးရ၊ အဖွဲ့အစည်းများနှင့် MSME တို့ သုံးဦးသုံးဖလှယ် ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်က ကောင်းမွန်သည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်၍ လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး အဖွဲ့အစည်းများမှလည်း ချမှတ်ထားသည့် မူဝါဒများနှင့်အညီ လိုက်ပါပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များအပါအဝင် ပုဂ္ဂလိကကဏ္ဍဘက်ကလည်း ယခုထက်ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ထုတ်ကုန်များ ခင်းကျင်းပြသထားမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစဉ်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက အသင်းကြီးမှ အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် ဧည့်သည်တော်များသည် ပြည်တွင်း MSME ထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးညှိနှိုင်းအစည်းအဝေးကို မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများမှ စက်ရုံမှူးများ၊ ဌာနတာဝန်ခံများ တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေအရ မိုချာမုန်တိုင်းသည် အားကောင်းလာပါက ကွမ်းခြံကုန်းမြို့နှင့် ဖျာပုံမြို့အကြားမှလည်းကောင်း၊ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့အကြားမှလည်းကောင်း၊ ဖြတ်သန်း၍ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံရုံးအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအမံများကိုလည်း ကြိုတင်မြော်တွေးစဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါကလည်း ပျက်စီးဆုံးရှုံးခဲ့မှုနှင့်ပတ်သက်၍ ဆောင်ရွက်မှုအစီအမံများ၊ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်ပေးမည့် အစီအမံများကိုလည်း ကြိုတင်စဉ်းစားဆောင်ရွက်ထားရန်နှင့် လုပ်ငန်းတာဝန်များကို အလေးအနက်ထား၍ ဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံမှူးများက သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**

ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ အစီအစဉ်နှစ်ရပ်ဖြင့်ကျင်းပရာ ပထမပိုင်းအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် ယင်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ပထမပိုင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ပညာသင်ကြားသင်ယူမှုမှတ်တမ်းများမှ ဆယ်စုနှစ်တစ်ခုစာလေ့လာကြည့်ရာတွင် ကျောင်းသားကျောင်းသူ ၅၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားမိသားစုများကဖြစ်ပြီး ဝန်ထမ်းမိသားစုက ၂၅ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးတွေ့ရှိရကြောင်း၊ တတိယအများဆုံးမှာ ကုန်သည်အရောင်းအဝယ်လုပ်ကိုင်ကြသူများဖြစ်ပြီး ကျန်သူများမှာ အခြားအလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းကြသည့်မိသားစုများကဖြစ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ တောင်သူလယ်သမားမိသားစုနှင့် နယ်မြို့များ ကျေးလက်နေပြည်သူများက မောင်မယ်များအများဆုံးပါဝင်သည့် အဆင့်မြင့်စိုက်ပျိုးရေးပညာတတ်များ မွေးထုတ်ပေးနိုင်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် တောင်သူများ၊ ကျေးလက်နေပြည်သူများနှင့် ကျွမ်းဝင်ပြီးသူများ၊ နီးစပ်သူများဖြစ်၍ အနာဂတ်လယ်ယာကဏ္ဍ၌အားထားရသည့်စိုက်ပျိုးရေးပညာရှင်များအဖြစ် လက်လှမ်းတစ်မီနည်းပညာပြန့်ပွားရေးလုပ်ငန်းများ၊အသိပညာပြန့်ပွားရေးလုပ်ငန်းများတွင် စွမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်း။

ဘွဲ့လွန်ဘွဲ့ရ မောင်မယ်များအနေဖြင့် ဆိုင်ရာဘာသာရပ်များကို ပိုမိုနက်ရှိုင်းစွာလေ့လာခဲ့ပြီးဖြစ်၍ မိမိတို့နှင့်ထိုက်တန်သော ဘွဲ့များကို ယနေ့အပ်နှင်းသွားမည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ဘွဲ့ရမောင်မယ်များထဲမှ ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများရှိသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကျေးလက်နှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိမိကိုယ်ပိုင်လယ်ယာစီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်ကြသူများလည်းရှိလာကြမည်ဖြစ်၍ အမိတက္ကသိုလ်က သင်ကြားပေးလိုက်သော အသိပညာအတတ်ပညာများကို လက်တွေ့လုပ်ငန်းနှင့် ပေါင်းစပ်လုပ်ကိုင်ကြပြီး နိုင်ငံ၏စားရေရိက္ခာဖူလုံရေးအာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားလာရေးလုပ်ငန်းများတွင်လည်း ကျရာကဏ္ဍများက အလေးထားကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတတ်ကျွမ်းသောပညာရပ်ကို စိုက်ပျိုးရေးကဏ္ဍတွင် မဖြစ်မနေ အသုံးချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဒုတိယပိုင်းအခမ်းအနားတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့ဦးရေ ၂၂၀၊ စိုက်ပျိုးရေးမဟာသိပ္ပံဘွဲ့ ၁၄ ဦး၊ ပါရဂူဘွဲ့ ရှစ်ဦးတို့ကို စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များက သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိ၍ အဝေးရောက်ဘွဲ့ယူသူ ၈၆ ဦး အပါအဝင် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်၏ သက်ဆိုင်ရာစာမေးပွဲများတွင် အောင်မြင်ခဲ့သူ စုစုပေါင်း ၃၂၈ ဦးကို ဆိုင်ရာဘွဲ့များ ချီးမြှင့်ခဲ့ကြသည်။ ၁၉၂၄ ခုနှစ်တွင် စိုက်ပျိုးရေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့သည်မှ ယနေ့အထိ နှစ်ပေါင်း ၁၀၀ အတွင်း စိုက်ပျိုးရေးသိပ္ပံဘွဲ့ ၁၂၉၈၃ ဦး၊ ဘွဲ့လွန်ပါရဂူဘွဲ့ ဦးရေ ၈၀၊ မဟာသိပ္ပံဘွဲ့ ၆၅၂ ဦး၊ မဟာဒဿနဘွဲ့ ကိုးဦး၊ စိုက်ပျိုးရေးဘွဲ့လွန်ဒီပလိုမာ ၆၂ ဦး၊ Israel - YAU တွဲဖက်ပြီး စိုက်ပျိုးရေးစီးပွားပညာဒီပလိုမာ ၅၆၅ ဦး၊ ဘွဲ့လွန် ၁၃၆၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသဦးစီးဌာန၏ သုတေသနစိုက်ကွင်းများ၊ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်သော သီးနှံပုံစံတွဲများ စမ်းသပ်စိုက်ပျိုးထားရှိမှုများ၊ သီးနှံမျိုးစေ့နမူနာများ၊ ဓာတ်ခွဲခန်းများနှင့်မျိုးစေ့ဘဏ်တို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် သုတေသနပညာရှင်များက လုပ်ငန်းစဉ် တစ်ခုချင်းကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့်သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် တောင်သူများ ပူးပေါင်းပါဝင်သော လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ ဒေသအလိုက်တိုးချဲ့ဆောင်ရွက်ရန်၊ သီးနှံမျိုးရင်းများထိန်းသိမ်းခြင်းနှင့် အရည်အသွေးကောင်း အထွက်ကောင်းသီးနှံမျိုးသစ်များ ထုတ်လုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊သုတေသနပညာရှင်လူသားအရင်းအမြစ်များတိုးပွားရေး စီမံဆောင်ရွက်ရန်လိုအပ်ချက်များကို တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မွေးမြူရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက ဆောင်ရွက်ဆဲကုန်းနေရေနေသတ္တဝါ သုတေသနလုပ်ငန်းများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သည့်သုတေသနလုပ်ငန်းများ၊ ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများနှင့်မွေးမြူရေးသုတေသနဦးစီးဌာန မြေနေရာအတည်ပြုရွှေ့ချယ်နိုင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘင်္ဂလားပင်လယ်အော်အတွင်းဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၇**

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် မုန်တိုင်းဘေးအန္တရာယ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄)၌ Hybrid စနစ်ဖြင့် ပြုလုပ်သည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘေးအန္တရာယ်များကြောင့် ပြည်သူများတွင် ဆုံးရှုံးမှုများ လျော့နည်းစေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၂၇ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေးကို အခြားဝန်ကြီးဌာနနှင့်ဦးစီးဌာနများမှ ကော်မတီအဖွဲ့ဝင်များ ပါဝင်တက်ရောက်၍လည်းကောင်း၊ မေ ၅ ရက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများပါဝင်တက်ရောက်၍လည်းကောင်း ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာဒေသများတွင် လိုအပ်နိုင်သည့် ဆေးနှင့်ပစ္စည်းကိရိယာများ၊Disaster Medical Kit (အရေးပေါ်သုံးဆေးသေတ္တာ)များ၊ Family Kit (မိသားစုသုံးပစ္စည်း)များ၊ Clean Delivery Kit (မီးဖွားရန်အတွက် ပစ္စည်း)များနှင့် Dignity Kit (အမျိုးသမီးသုံးပစ္စည်း)များကို ကျေးလက်ကျန်းမာရေးဌာနခွဲများအရောက် ကြိုတင်ဖြန့်ဝေထားရှိရမည် ဖြစ်ပါကြောင်း၊ ဆေးရုံများတွင် အရေးပေါ်ခွဲစိတ်ကုသမှု၊ မွေးဖွားမှုအပါအဝင် ကုသမှုလုပ်ငန်းများ နှောင့်နှေးပျက်ကွက်ခြင်းမရှိစေရန် အစီအစဉ်များချမှတ်ကာဆောင်ရွက်ထားခြင်းနှင့် လိုအပ်သည့်အရေးပေါ်ဆေးအဖွဲ့များကို ကြိုတင်ဖွဲ့စည်းပြီး အသင့်အနေအထားဖြစ်စေရန်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်လူနာလွှဲပြောင်းရန် လမ်းကြောင်းများကိုလည်း နီးနွယ်ဌာနဆိုင်ရာများနှင့်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် တပ်မတော်ဆေးတပ်ဖွဲ့များနှင့်လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာ (Public Health Emergency Operations Center)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာများကိုလည်း ဖွင့်လှစ် (activate)ထားရှိပြီးဖြစ်ရာ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်ကို တာဝန်ကိုယ်စီခွဲဝေပေးထားပြီး ကိုယ်စီကိုယ်ငတာဝန်များကို သိရှိဆောင်ရွက်ကြရန် ကြီးကြပ်ကွပ်ကဲကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများက ဦးစီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်နှင့် ဆေးရုံအလိုက် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေ၊ အရေးပေါ်စီမံချက်များရေးဆွဲထားမှုအခြေအနေ၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာများဖွင့်လှစ်ထားရှိသည့်အခြေအနေများ၊ အရေးပေါ်ဆေးဝါးနှင့် ဆေးပစ္စည်းများသိုလှောင်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ လမ်းညွှန်ချက်ဖြင့် ဆောင်ရွက်နေမှုနှင့် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၅-၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၁၅၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၄၀၃၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၅၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၄၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၁၈၀၅ ကျပ် | ၁၈၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၇၅ ကျပ် | ၁၉၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၃၁၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၈၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၂ . ၂၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၆၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၃ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီ၊ ၂၀၂၃)

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၃/၂၀၂၃**
၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၇ ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်မြအေးအား ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၇-၅-၂၀၂၃

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ကမ္ဘောဒီးယား | ၂၉ | ၂၁ | ၂၂ | ၇၂ |
| ၂ | ထိုင်း | ၁၆ | ၁၇ | ၂၆ | ၅၉ |
| ၃ | အင်ဒိုနီးရှား | ၁၆ | ၁၁ | ၂၄ | ၅၁ |
| ၄ | ဗီယက်နမ် | ၁၅ | ၁၉ | ၂၇ | ၆၁ |
| ၅ | ဖိလစ်ပိုင် | ၁၄ | ၁၉ | ၁၉ | ၅၂ |
| ၆ | စင်ကာပူ | ၉ | ၆ | ၁၂ | ၂၇ |
| ၇ | မလေးရှား | ၆ | ၁၀ | ၁၃ | ၂၉ |
| ၈ | မြန်မာ | ၅ | ၂ | ၁၈ | ၂၅ |
| ၉ | လာအို | ၃ | ၅ | ၁၈ | ၂၆ |
| ၁၀ | ဘရူနိုင်း | ၀ | ၁ | ၂ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၇ ရက်နေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၁ တွင် ဖော်ပြခဲ့သော "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား" သတင်း၏ ကော်လံ ၅ ပဉ္စမစာပိုဒ်တွင်ပါရှိသည့် **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ**(Disaster Management Committee) အစား **သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ**(Disaster Management Center)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၇-၅-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ဧည့်မထ | ဧမိန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာလူးခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၆၀၀ | ၃၆၀၀ | ၁၉၀၀ | ၁၃၃၀၀ | ၁၅၀၀၀ | ၁၈၀၀-၂၀၀၀ | ၅၀၀၀-၆၀၀၀ | ၁၉၀၀ | ၈၆၅၀ | ၁၅၀၀၀-၁၇၂၀၀ | ၉၈၀၀ | ၁၅၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၀၀ |
| ၂ | ရန်ကုန် | ၄၅၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၀၀၀၀-၁၅၀၀၀ | ၁၄၀၀-၁၈၀၀ | ၅၀၀၀-၆၀၀၀ | ၂၅၀၀-၂၈၀၀ | ၁၂၀၀၀ | ၁၀၀၀၀-၁၃၀၀၀ | ၈၀၀၀-၉၅၀၀ | ၂၂၀၀၀-၂၃၀၀၀ | ၂၅၀ | ၂၅၀-၃၀၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၀၀၀ | - | ၁၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀-၁၈၀၀ | ၅၆၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၁၀၀၀-၁၃၀၀၀ | ၂၃၀ | ၃၂၀ |
| ၄ | လားရှိုး | ၄၉၅၀ | ၂၅၀၀ | ၂၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၀၀၀-၂၅၀၀ | ၅၀၀၀-၅၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | အင်း | ၄၂၀၀ | ၂၅၀၀ | ၂၀၀၀ | ၁၃၅၀၀-၁၆၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၅၀၀-၂၀၀၀ | ၅၀၀၀-၅၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | - | ၂၅၀၀၀-၂၇၀၀၀ | ၂၅၀ | ၃၅၀ |
| ၆ | မြိတ် | ၄၂၀၀ | ၃၀၀၀ | ၂၄၅၀ | ၁၆၅၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၇၀၀-၂၈၀၀ | ၇၈၀၀-၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၂၀၀၀-၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |
| ၇ | ဒိုလမ် | ၄၇၀၀ | - | - | ၁၂၀၀၀-၁၅၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀၀-၃၀၀၀ | ၆၅၀၀-၁၀၀၀၀ | ၂၀၀၀-၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၄၀၀၀ | ၂၅၀၀၀-၃၀၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၏ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပပြုလုပ်



ဆရာတော်ထံမှ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

**နေပြည်တော် မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက်၏ မဟာပဋ္ဌာန်း ကျမ်းမြတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ အဓိက ဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော အောင်ဗိမာန်ဓမ္မာရုံ၌ပြုလုပ်ရာ ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက် သံဃာတော်များနှင့် သာသနာ့ဒါယကာ၊ ဒါယိကာမများ ... သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ချမ်းမြေ့ဂုဏ်ဝေ ပရဟိတ သာသနာပြုကျောင်းတိုက် အဓိကအောင်ဗိမာန် ဓမ္မာရုံအတွင်းရှိ မြတ်စွာဘုရားရှင်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ချမ်းမြေ့ဂုဏ်ဝေ ပရဟိတသာသနာပြုကျောင်းတိုက် ဆရာတော် ရွတ်ပွားချီးမြှင့်တော်မူသော ရှောင်ခြည်တော်ဖွင့်ဂါထာတော်အား နာယူပြီး ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပဋ္ဌာန်း ၂၄ ပစ္စည်းကို သံပြိုင်ရွတ်ဖတ်တော်မူကြပြီး ချမ်းမြေ့ဂုဏ်ဝေပရဟိတသာသနာပြုကျောင်းတိုက်ဆရာတော်က စတင်၍ မဟာပဋ္ဌာန်းကျမ်းမြတ်အား ရွတ်ဖတ်ပူဇော်ခဲ့သည်။

အဆိုပါ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို ချမ်းမြေ့ဂုဏ်ဝေပရဟိတ သာသနာပြုကျောင်းတိုက်ရှိ သံဃာတော်များက မေ ၉ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)တို့မှ သင်တန်းသားများ စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန် မိတ္ထီလာမြို့သို့ရောက်ရှိ

**နေပြည်တော် မေ ၇**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား ဦးရေ ၆၈၀ သည် စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန်အတွက် မိတ္ထီလာမြို့သို့ နယ်မြေအသီးသီးမှ တပ်မတော်လေယာဉ်များဖြင့်ထွက်ခွာကြရာ သက်ဆိုင်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ ထို့ပြင် သင်တန်းစခန်းအသီးသီး၌ လေ့ကျင့်သင်ကြား ပို့ချနေချိန်များတွင်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ မိတ္ထီလာမြို့သို့ရောက်ရှိလာသည့် သင်တန်းသား၊ သင်တန်းသူများသည် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများအား လက်တွေ့ကွင်းဆင်း လေ့လာခြင်း၊ RC လေယာဉ်၊ ရဟတ်ယာဉ်၊ Drone မောင်းနှင်ခြင်း၊ လေ့လာရေးခရီးစဉ်များသွားရောက်ခြင်းများနှင့် ပြိုင်ပွဲများကျင်းပခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



လေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန် မိတ္ထီလာမြို့သို့ တပ်မတော်လေယာဉ်ဖြင့်ထွက်ခွာလာရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



စုဖွဲ့စခန်းသွင်းလေ့ကျင့်ရန် မိတ္ထီလာမြို့သို့ရောက်ရှိလာသည့် လေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများကို တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

## မေ ၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၉ ဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၆၀၃၁ ဦး |
| သေဆုံးသူ | ၁၉၄၉၂ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၅၂၀၀ ဦး |

**နေပြည်တော် မေ ၇**

မေ ၆ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၉၃၈၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၉ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

✰ **ကျောဖုံးမှအဆက်**

နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ကိုးလခွဲသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၆ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၅၃၀ ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက် ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**





ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ပွဲအခမ်းအနားတက်ရောက်ခဲ့ကြသည့် သက်ကြီးအနုပညာရှင်များအဖွဲ့နှင့် MRTV-4 ဇာတ်လမ်းတွဲသရုပ်ဆောင်များပါဝင်သောအဖွဲ့အား ရှင်းလင်းပြောကြားစဉ်။

[၂၀] ရှေ့ဖုံးမှအဆက်

သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့် တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လာရောက်လေ့လာဖူးမြော် ကြည်ညိုကြသည့်အဖွဲ့များ သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီး အတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် တည်ဆောက်နေမှုများကို လှည့်လည်လေ့လာကြည့်ရှုကြ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများကို ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဆီဆိုင်မြို့ရှိ မြို့တော်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသ ရေးအဖွဲ့က ဒေသခံပြည်သူ စုစုပေါင်း ၂၅၄ ဦးတို့ကို သွေးတိုးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အရိုးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၅၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက် လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်း တွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန် ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၈ ရက်မှ မေ ၁၄ ရက်ထိ ရန်ကုန် အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဖြစ်ကြောင်း ထုတ်ပြန် ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစား ရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# အပန်းဖြေစခန်းများမှပြန်လည်ရောက်ရှိလာသော ကရင်ပြည်နယ်လူရည်ချွန်မောင်မယ်များ လေ့လာရေးအတွေ့အကြုံရှင်းလင်း

**ဘားအံ မေ ၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပုဂံ၊ တောင်ကြီး၊ ငွေဆောင် အပန်းဖြေစခန်း များမှ ပြန်လည်ရောက်ရှိလာသော ကရင် ပြည်နယ်မှ လူရည်ချွန်မောင်မယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ်ဆရာ၊ ဆရာမ များက လူရည်ချွန်သီချင်းဖြင့် သီဆိုဖျော် ဖြေကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်လူရည်ချွန် မောင်မယ်များအနေဖြင့် စံပြထူးချွန် ကျောင်းသား၊ ကျောင်းသူများအဖြစ် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် လည်း အတုယူ စံနမူနာထား၍ ကြိုးစား ကြစေလိုကြောင်း၊ အချိန်ကို တန်ဖိုး ထားရန်၊ ကိုယ့်အားကိုယ်ကိုးချင်စိတ် မွေးမြူရန်နှင့် အတွေ့အကြုံကောင်းများ ရှိထားရန်လိုကြောင်း၊ ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများ တတ်မြောက် သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစား အားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေး လိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စသည့် ကောင်းမြတ်သော အရည်အသွေးများ ပြည့်စုံသည့် လူစွမ်းအားအရင်းအမြစ်များ ဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုဂံအပန်းဖြေလူရည်ချွန် စခန်း၊ တောင်ကြီးအပန်းဖြေလူရည်ချွန် စခန်း၊ ငွေဆောင်အပန်းဖြေလူရည်ချွန် စခန်းတို့မှ ပြန်လည်ရောက်ရှိလာသော ကရင်ပြည်နယ်လူရည်ချွန်များ ကိုယ်စား သက်ဆိုင်ရာစခန်းအလိုက် လူရည်ချွန် တစ်ဦးချင်းစီက အပန်းဖြေစခန်းများသို့ သွားရောက်ခဲ့ပုံအဆင့်ဆင့်၊ သွားရောက် ခဲ့သည့်အပန်းဖြေစခန်းမှ ဗဟုသုတများ၊ လေ့လာသင်ယူစရာများ၊ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရောက်ရှိလာသော သူငယ်ချင်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရမှုများ၊ အတွေ့ အကြုံနှင့် အခွင့်အလမ်းများကို ပြန်လည် ရှင်းလင်းပြောကြားကြပြီး အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာ အထက်တန်း ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ လေးများက ရိုးရာယဉ်ကျေးမှု အကအလှ များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကာ လူရည်ချွန်မောင်မယ်များက စုရပ်စခန်း၌ ဖျော်ဖြေခဲ့သည့် ဒုံးယိမ်းညသီချင်းဖြင့် ပြန်လည်ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပုဂံအပန်းဖြေစခန်းသို့ သွားရောက်ခဲ့ သော အလယ်တန်းအဆင့်(Grade-9)မှ လေးဦး၊ တောင်ကြီးအပန်းဖြေစခန်းသို့ သွားရောက်ခဲ့သော အထက်တန်းအဆင့် (Grade-10)မှ လေးဦး၊ ငွေဆောင် အပန်းဖြေစခန်းသို့ သွားရောက်ခဲ့သော အထက်တန်းအဆင့် (Grade-11)မှ လေးဦးတို့ကို အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အပန်းဖြေစခန်းအသီးသီး သို့ရောက်ရှိခဲ့ကြသော လူရည်ချွန် မောင်မယ်များနှင့် ကြီးကြပ် ဆရာ၊ ဆရာမများက ပြည်နယ်ဝန်ကြီးချုပ်ကို အမှတ်တရလက်ဆောင်များ ပြန်လည် ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရား သူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လူရည်ချွန်မောင်မယ်များသည် စုပေါင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်း အနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကာ ကရင်ပြည်နယ် လူရည်ချွန်မောင်မယ် များနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






**နေပြည်တော် မေ ၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်စည် တားဆီးထိန်းချုပ်ရေးအဖွဲ့မှ မူဆယ်မြို့ ဆင်ဖြူ စစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသောကုန်ပစ္စည်းများအား မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်၍ အသေးစိတ်စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်းခွင့်အထောက်အထား စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Iphone 7 Plus Secondhand Mobile Phone လေးလုံးအပါအဝင် ကုန်ပစ္စည်း ၁၃ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၆၈၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက သတင်းအရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ဆဆ-၁၀ ဦးပိုင်အမှတ်-၂၃(၄၄)လမ်း ၅၀ ၁၀၆ အေ - ၁၀၆ ဘီ ကြားရှိ ဖိနပ်ဆိုင်နှင့် တွဲလျက်ရှိသောဂိုထောင်အား ဝင်ရောက်စစ်ဆေးရာ အကောက်ခွန်မဲ့တင်သွင်းခဲ့သော ဖိနပ်အိတ်များအား စစ်ဆေးတွေ့ရှိသဖြင့် အသေးစိတ်စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Adult Slipper အရံ ၁၇၈၁၆၀ အပါအဝင် ဖိနပ်မျိုးစုံ ငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၉၇၅၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Lactasoy Milk ဖာ ၄၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTONG Bus မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀ ကိုလည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် GT Radial Savero Brand New ကားတာယာ အလုံး ၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ ဘတင်ဆောင်လာသည့် NISSAN DIESEL Truck မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက သာယာဝတီခရိုင်နှင့် နတ္တလင်းခရိုင်တို့အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၁၆ ဒသမ ၈၄၅ တန်၊ သစ်မာ သုည ဒသမ ၈၇၈ တန်နှင့် အခြားသစ် ၃ ဒသမ ၈၇၅တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၇၉၉၉၆ ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ် နယ်မြေရဲစခန်း အမှတ်(၃)မှ ဒုရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က နယ်မြေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥသျှောင်မြို့သစ်(၆)ရပ်ကွက် ပဲခူး-ရန်ကုန်လမ်းဘေး ကျိုက်ပွန်ဘုရားလမ်းမုခ်ဦးအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၉၉၉၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၄ ရက်မှ ၆ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ရှစ်မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၉၆၀၉၈၃၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့အားကောင်းလာနိုင်

**နေပြည်တော် မေ ၇**

"ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ၂၀၂၃ ခုနှစ် မေ ၈ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခု ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ပိုမိုအားကောင်းလာနိုင်ပြီး ၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ၂၀၂၃ ခုနှစ် မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

ယခုအချိန်တွင် မုန်တိုင်းစတင်အစပျိုးခြင်းမရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့် မော်ဒယ်တို့အပေါ် မူတည်၍ မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုးပြောင်းလဲလျက်ရှိရာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကွမ်းစိုက်ကျေးရွာနေ မိုးမိုးစန်းသည် ၎င်းအသုံးပြုသည့် "Moe Moe Sann"Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးရန်ပုံငွေတွင် အချိုးကျထည့်ဝင်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ပြောကြား



**လန်ဒန် မေ ၇**

ဗြိတိန်ဝန်ကြီးချုပ်ဖြစ်သူ ဆူနက်ခ်သည် ဝန်ကြီးချုပ်တာဝန်များကို လွှဲပြောင်းရယူခဲ့ပြီးနောက်ပိုင်းတွင် နှစ်စဉ် အာဖရိကနိုင်ငံများသို့ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးအတွက် ငွေကြေးပံ့ပိုးမှုများပြုလုပ်နေသည့်ပမာဏကို လျှော့ချခဲ့သော်လည်း အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေး ရန်ပုံငွေတွင် အချိုးကျထည့်ဝင်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Al Jazeera သတင်းဌာနက မေ ၆ ရက်တွင် ဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံရှိ အမေဇုန်သစ်တောသည် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် အဓိကကျသည့် သစ်တောကြီးဝိုင်းဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်၍ သစ်တောပြုန်းတီးမှုကာကွယ်ရေး ငွေကြေးပံ့ပိုးမှုများ ပြုလုပ်လျက်ရှိရာ နော်ဝေနိုင်ငံသည်လည်း နှစ်စဉ်အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးရန်ပုံငွေတွင် အချိုးကျထည့်ဝင်ပေးလျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကလည်း အင်အားကြီးနိုင်ငံများကို ရန်ပုံငွေထည့်ဝင်ရန် တိုက်တွန်းနှိုးဆော်မှုပြုလုပ်ထားသည်။

“ဗြိတိန်နိုင်ငံအနေနဲ့ အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးရန်ပုံငွေမှာ အချိုးကျထည့်ဝင်သွားမဲ့အကြောင်း ဂုဏ်ယူစွာနဲ့ပြောကြားလိုပါတယ်”ဟု ဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်က ပြောကြားခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဆူနက်ခ်သည် ဘရာဇီးသမ္မတ လူလာဒါ ဆေးလ်ဗားနှင့် ဒေါင်းနင်းလမ်းတွင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ဘရာဇီးအာဏာပိုင်အဖွဲ့အစည်း၏ ရည်မှန်းချက်ဖြစ်သော အမေဇုန်သစ်တော ပြုန်းတီးမှုကာကွယ်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ဆူနက်ခ်သည် ယခုနှစ်အစောပိုင်းကလည်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေး ရန်ပုံငွေတွင် နှစ်စဉ်ထည့်ဝင်နေသည့် နော်ဝေနိုင်ငံ၊ ဂျာမနီနိုင်ငံတို့နှင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ဗြိတိန်အနေဖြင့် အမေဇုန်သစ်တောပြုန်းတီးမှုကာကွယ်ရေးရန်ပုံငွေတွင် စတာလင်ပေါင် သန်း ၈၀ ထိထည့်ဝင်သွားရန်ရည်ရွယ်ထားကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဆူနက်ခ်က ပြောကြားခဲ့သည်။ **ခိုင်းဆက်**

# ကွန်ဂိုနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၂၇ ဦးသေဆုံးပြီး ၁၇၆ ဦး ပျောက်ဆုံးနေ

**ဘရာဇာဗယ်လ် မေ ၇**

ကွန်ဂိုနိုင်ငံ တောင်ပိုင်းကီဗူပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၂၂၇ ဦး သေဆုံးခဲ့ပြီး ၁၇၆ ဦးပျောက်ဆုံးနေကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Live Mint သတင်းဌာနက မေ ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုသည် တောင်ပိုင်းကီဗူပြည်နယ်ရှိ ဘူရှုရှုကျေးလက်ဒေသနှင့် ညာမူကူဘီကျေးလက်ဒေသတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ သေဆုံးသူစုစုပေါင်း ၂၂၇ ဦးအပြင် ပျောက်ဆုံးနေသူ ၁၇၆ ဦးထိရှိနေပြီး ထိခိုက်ဒဏ်ရာရရှိသူဦးရေကို စိစစ်နေဆဲဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်များအပြင် စာသင်ကျောင်းများ၊ ဆေးရုံများလည်း ပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံအမြောက်အမြား ရှိနေဆဲဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ပြီး စိုက်ခင်းပေါင်း ၇၂ ခင်းထိ ပျက်စီးခဲ့ကြောင်း ကွန်ဂိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ရေကြီးရေလျှံမှုကြောင့် လူနေအိမ် တော်တော်များများ ပျက်စီးသွားခဲ့တယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ဒေသခံ တော်တော်များတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ဒေသခံတချို့ဟာ အမိုးအကာမရှိတဲ့နေရာမှာ အိပ်နေရတယ်။ လူနေအိမ်တွေအပြင် စာသင်ကျောင်းနဲ့ ဆေးရုံတွေလဲ ပျက်စီးခဲ့တယ်။ ဆေးရုံကတော့ မရှိမဖြစ်လိုအပ်တဲ့အတွက်ကြောင့် ယာယီအဆောက်အအုံတစ်ခုမှာ အရေးပေါ်ဆေးကုသမှုတွေ ပြုလုပ်ပေးနိုင်ဖို့ နေရာစီစဉ်ပေးထားပါတယ်။ ဆရာဝန်တွေလဲ နေ့၊ ည မနားဘဲ ထိခိုက်ဒဏ်ရာရရှိသူတွေကို ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်”ဟု တောင်ပိုင်းကီဗူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာတင်က ပြောကြားခဲ့သည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားရှိနေပြီး ယာယီကယ်ဆယ်ရေးစခန်းများ၌ နေရာချပေးထားကြောင်း၊ ရေကြီးရေလျှံမှုကြောင့် တောင်ပိုင်းကီဗူပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် လူနေအိမ်ပေါင်း ၅၀၀၀ ခန့်ထိ ပျက်စီးခဲ့ကြောင်း တောင်ပိုင်းကီဗူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**ခိုင်းဆက်**

# ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် အပူလှိုင်းဖြတ်သန်း

**ဟနွိုင်း မေ ၇**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မေ ၆ ရက်က အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း ဗီယက်နမ်အမျိုးသား ဟိုက်ဒရို-မိုးလေဝသ ခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်သွားခဲ့ကြောင်း Vietnam Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မှာ ၄၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး ဗီယက်နမ်နိုင်ငံသက်တမ်းတစ်လျှောက် အမြင့်ဆုံးသော အပူချိန်ပမာဏတစ်ရပ်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသား ဟိုက်ဒရို-မိုးလေဝသခန့်မှန်းတိုင်းတာရေးစင်တာက ထုတ်ပြန်ခဲ့သည်။

သန်ဟောင်စီရင်စုတွင် အပူချိန်ပမာဏ အမြင့်ဆုံးသို့ရောက်ရှိနေပြီး၂၀၁၉ ခုနှစ် ဧပြီ ၂၀ ရက်ကဖြစ်ပေါ်ခဲ့သော ဗီယက်နမ်နိုင်ငံ၏ အမြင့်ဆုံးအပူချိန်ပမာဏဖြစ်သည့် ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင်ရှိသော စီရင်စုပေါင်း ၁၇ စု၌ အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်နေပြီဖြစ်သည့်အတွက် မိုးရွာသွန်းမှုမရှိပါက အပူချိန်ဆက်လက်မြင့်တက်လာနိုင်ကြောင်း သိရသည်။

အပူချိန် မြင့်တက်နေသည့်ကာလအတွင်း ပြင်းပြင်းထန်ထန်လှုပ်ရှားခြင်း၊ အမိုးအကာမရှိသည့်ဧရိယာများတွင် ကာယအားအသုံးပြုရသည့် အလုပ်အကိုင်များ ဆောင်ရွက်ခြင်းကို ရှောင်ကြဉ်ရန်လည်း ဗီယက်နမ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အမိုးအကာမပါဘဲ အပြင်သို့ လှုပ်ရှားသွားလာခြင်းကို တားမြစ်ထားပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ၊ နှလုံးနှင့်ဆက်စပ်သော ရောဂါဝေဒနာ ခံစားနေရသူများ အပူအအေးမျှတသည့်နေရာများ၌ သာနေထိုင်ရန် ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**



# ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် အဝေးပြေးလမ်း မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွား

**နယူးဒေလီ မေ ၇**

အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ ချန်ဒီဂါမြို့နှင့် မနာလီခရိုင်တို့ကို ဆက်သွယ်ထားသော အဝေးပြေးလမ်းပေါ်တွင် မြေပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်အစီးရေ အများအပြားနှင့် ခရီးသွားအများအပြား ပိတ်မိနေကြောင်း အိန္ဒိယအမျိုးသားအဝေးပြေးအာဏာပိုင် အဖွဲ့အစည်း၏ သတင်း ထုတ်ပြန်ချက်များကို ကိုးကား၍ Times NOW သတင်းဌာနက မေ ၆ ရက်တွင် ရေးသားဖော်ပြထားသည်။

မန်ဒီမြို့နှင့် ခုနစ်မိုင်အကွာ အဝေးပြေးလမ်းပေါ်တွင် မေ ၅ ရက်က မြေပြိုကျမှုကြောင့် မော်တော်ယာဉ်များနှင့် ခရီးသွားထောင်ပေါင်းများစွာ လမ်းပိတ်ဆို့မှုအတွင်းပိတ်မိလျက်ရှိပြီး အိန္ဒိယအမျိုးသားအဝေးပြေးအာဏာပိုင်အဖွဲ့အစည်းက ဝန်ထမ်းများနှင့် စက်ပစ္စည်းများကိုအသုံးပြု၍ ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ကမ္ဘာလှည့်ခရီးသွားများအပါအဝင် ခရီးသည်ထောင်ပေါင်းများစွာသည် အဆိုပါနေရာတွင် ခုနစ်နာရီကျော်ကြာပိတ်မိနေခဲ့ပြီး လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းများမှာ ခန့်မှန်းထားသည်ထက် ပို၍ကြာမြင့်နိုင်ကြောင်း အဝေးပြေးအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တာဝန်ရှိသူများကလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေး၍ ယာဉ်ကြောပိတ်ဆို့မှုကို ရှင်းလင်းပေးလျက်ရှိသော်လည်း ယာဉ်ကြီးများမှာပိတ်မိနေဆဲဖြစ်ကာ ရှင်းလင်းမှုလုပ်ငန်းများ ခရီးမတွင်ကြောင်း အဝေးပြေးအာဏာပိုင်အဖွဲ့အစည်းက ပြောကြားထားပြီး အဆိုပါလမ်းကြောင်းပေါ်တွင် မလိုအပ်ဘဲ ယာဉ်များဖြင့် နောက်ထပ်ခရီးသွားလာခြင်းမပြုကြရန် တိုက်တွန်းထားကြောင်း သိရသည်။

အဆိုပါ အဝေးပြေးလမ်းတွင် လွန်ခဲ့သောနှစ်ရက်ကတည်းက မြေပြိုမှုကြောင့် ၁၂ နာရီကြာမျှ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး အာဏာပိုင်များက လမ်းကြောင်းပေါ်တွင် အသွားတစ်လှည့်၊ အပြန်တစ်လှည့်စီစဉ်ပေးခဲ့သော်လည်း ယခုအခါ ယာဉ်ပိတ်ဆို့မှု ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိကာ ခရီးသွားများ အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ AZH

# ဂျပန်တွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်သုံးလုံးပြိုကျခဲ့ပြီး လူတစ်ဦးသေဆုံး

**တိုကျို မေ ၇**

ဂျပန်နိုင်ငံ အနောက်အလယ်ပိုင်းကမ်းခြေအနီး မေ ၅ ရက်က အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် နေအိမ်သုံးလုံး ပြိုကျခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ထုတ်ပြန်သောသတင်းများကို ကိုးကား၍ ဗွီအိုအေသတင်းဌာနက မေ ၆ ရက်တွင် ရေးသားဖော်ပြထားသည်။

ဂျပန်နိုင်ငံ အနောက်အလယ်ပိုင်း ကမ်းခြေအနီး၌ မေ ၅ ရက် ဒေသစံတော်ချိန် ၂ နာရီ ၄၂ မိနစ်တွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအေဂျင်စီက သတင်းထုတ်ပြန်ခဲ့ပြီး ငလျင်ဗဟိုချက်မှာ အီရှီကာဝါပြည်နယ် နိုတိုမြို့အနီး အနက် ၁၀ ကီလိုမီတာအတွင်း လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းငလျင်များကို စောင့်ကြည့်လျက်ရှိသည့် ဂျပန်မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။


ငလျင်လှုပ်ခတ်မှုကြောင့် ဗဟိုချက်အနီးရှိ ဆူဇူမြို့တွင် အမျိုးသားတစ်ဦး လှေကားပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က အတည်ပြုထုတ်ပြန်ခဲ့ပြီး ဒေသဆိုင်ရာမီးသတ်တပ်ဖွဲ့ကလည်း ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်သုံးလုံး ပြိုကျခဲ့ရာ အပျက်အစီးများအောက်တွင် လူတစ်ဦးပိတ်မိနေခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားခြင်း မရှိကြောင်း၊ ငလျင်ဗဟိုချက်အနီးရှိ ရှီကာချူကလီးယားဓာတ်အားပေးစက်ရုံနှင့် ဒေသတွင်း အခြားနျူကလီးယားဓာတ်အားပေးစက်ရုံများတွင် မူမမှန်သောအခြေအနေများ ဖြစ်ပေါ်ခြင်းမရှိကြောင်း အစိုးရအဖွဲ့အတွင်းဝန် ဟီရိုကာဇုမက်ဆုနိုက ပြောကြားခဲ့သည်။

AZH

# အေးရိပ်

## အောင်းမာန်ဝင့်အောင်(တောင်ကြီး)



(၁)

အလျင်လိုနေသော သူ့ခြေထောက်များက နှေးကွေးနေသလို ခံစားရသည်။

ဝေးကွာနေပြီဖြစ်သော မိသားစု အိမ်ကလေးကို အချိန်တိုင်းတမ်းတနေမိသည်။ ပြန်လည်ဆုံစည်းဖို့ရာ အကြောင်းဖန်လာပြီမို့ သည်တစ်ခါတော့ ဘယ်တော့မှ မခွဲတော့ဘူးဟု ဆုံးဖြတ်ချက်ချထားသည်။ မိုက်နောင်တသည် အချိန်မနှောင်းသေးပါဘူးဟု သူမျှော်လင့်မိသည်။

"ဝေမာနဲ့သားလေး အရင်နေရာမှာပဲ ရှိသေးရဲ့လားမသိဘူး။ အဆင်ပြေပြေကော နေရရဲ့လားမသိပါဘူးလေ"

ခြေလှမ်းများက အလျင်လိုနေသလို စိတ်အစဉ်ကလည်း ဇနီးသည်နှင့် သားလေးထံသာရောက်နေတော့သည်။

"သူတို့အဆင်ပြေကြပါစေ။ ဘာပဲဖြစ်ဖြစ် ငါကတာဝန်မကျေတဲ့သူဖြစ်နေပြီလေ"

ဇနီးသည်ဝေမာနှင့် သားလေးဇင်မျိုးကို သူအလွန်တွေ့ချင်နေသည်။ ယခုချိန်ဆို သားလေးဇင်မျိုးတောင် လူပျိုကြီးဖြစ်နေလောက်ပြီ။ အေးလေ အချိန်များက နည်းမှမနည်းတော့တာ။ သူ၏အတွေးများက လွန်ခဲ့သည့် ၁၀ နှစ်ဆီသို့ရောက်သွားသည်။

(၂)

"ဝေမာ နင့်မှာ ပိုက်ဆံဘယ်လောက်ရှိသေးလဲ။ ရှိရင် မြန်မြန်ပေးဟာ ဒီနေ့ဝိုင်းကောင်းတယ်"

"မရှိတော့ဘူးလေ၊ ရှင်ပေးထားတာ အိမ်လခ ပေးပြီး ဆန်ဝယ်လိုက်ပြီ။ လက်ထဲ ငွေ ၃၀၀၀ ပဲ ရှိတော့တယ်"

"ဟာ. . . ဒီမိန်းမ အကုန်သုံးလိုက်ရလား။ နည်းနည်းပါးပါးချန်ထားပါလား"

"ကိုသိန်းဇင် ရှင် ဒီလောင်းကစားကြီးကို မလုပ်ပါနဲ့လား။ ပတ်ဝန်းကျင်မှာလဲ ဖဲသမားမယားအမြဲပြောခံရတယ်။ ကျွန်မအတွက် ဘာမှမဖြစ်ပေမဲ့ ကျွန်မသားလေးအတွက် ရှင်စဉ်းစားပေးပါ။ ပတ်ဝန်းကျင်မှာ ရှင့်သားလေး အမြဲမျက်နှာငယ်ရတာ ရှင်မသနားဘူးလား"

"တော်စမ်း ဝေမာ၊ ပတ်ဝန်းကျင်ကိုဘာဂရုစိုက်ရမှာလဲ။ ငါမရှိရင် သူတို့ထမင်းကျွေးထားတာမဟုတ်ဘူး။ ဘာမှဂရုစိုက်စရာမလိုဘူး။ နင့်ကို တစ်သက်လုံး ဖဲရိုက်ကျွေးလာတာ အခုမှဘာပတ်ဝန်းကျင်လဲ၊ ဘာရှက်တာလဲ ငါနားမလည်ဘူး"

"မဟုတ်ပါဘူး။ ရှင် ကျွန်မတို့ သားအမိနှစ်ယောက်ကို မငတ်အောင်ထားခဲ့ပါတယ်။ ဒါပေမဲ့ လေ။ ဟို ဟို. . . သားလေးအတွက်"

"တော်စမ်းဟာ။ ဖဲရိုက်စားတဲ့ကောင်ရဲ့သားမို့ ဖဲသမားသားပြောတာ ဆန်းသလား။ ဘာမှ မပြောတော့နဲ့။ နင့်လက်စွပ်ပေး"

ဝေမာ ဘာမျှမပြောဘဲ ဝတ်ထားသည့်လက်စွပ်လေးကို ချွတ်ပေးလိုက်သည်။ သူလိုချင်သည့်ပစ္စည်းကိုရသွား၍ ကိုသိန်းဇင် အိမ်ပေါ်က အမြန်ဆင်းသွားသည်။

ယောကျ်ားဖြစ်သူနောက်ကျောကိုကြည့်ရင်း မရေရာသည့် သူတို့ဘဝလေးအတွက် ဝေမာရင်လေးနေမိသည်။ ယခုဆို သားလေးက ဒုတိယတန်းကျောင်းသားဖြစ်နေပြီ။ အရွယ်ကြီးလာလျှင် ပတ်ဝန်းကျင်၏စကားများကြောင့် သိမ်ငယ်မည်၊ မျက်နှာငယ်ရမည်ကို မိခင်တစ်ယောက်အနေဖြင့် အမြဲစိတ်ပူနေရသည်။ အိမ်ထောင်ကျကတည်းက အခြားအလုပ်လုပ်ပါလားဟု အမြဲပြောတိုင်း သည်အလုပ်ပဲ လုပ်တတ်သည်ဟုပြောသည်။ သူ့ဝါသနာကို မစွန့်နိုင်ဘူးဟုပြောပြီး ဖဲသမားမယားအဖြစ် ကံကြမ္မာအတိုင်းနေခဲ့ရသည်။ ယခုတော့ သားလေးလည်း သူလိုပင်ခံစားရတော့မည်။ လောင်းကစားသမားတို့၏ထုံးစံအတိုင်း အိမ်ပြန်မရောက်သေးသမျှစိတ်ပူနေရသည်။ ကိုယ်တိုင်အလုပ် ထွက်လုပ်မည်ဟုပြောလည်း လက်မခံ။ သူရှာကျွေးတာစားဆိုတော့ ဘာမျှမပြောချင်တော့။ လောင်းကစားသမားတို့ ထုံးစံအတိုင်း နိုင်တစ်လှည့်၊ ရှုံးတစ်လှည့်မို့ သူဆင်ပေးသမျှ ရွှေထည်လည်း နေ့မြင်ညပျောက်ပင်။ ဝေမာအတွက် မက်မောမှုမရှိတော့ပေ။

(၃)

"ဝေမာ. . . ဟိုဘက်လမ်းထဲက ဖဲဝိုင်းမှာ လူသတ်မှုဖြစ်လို့တဲ့။ လူနှစ်ယောက်ပွဲချင်းပြီး သေသွားတာ။ နင်သွားစုံစမ်းအုံး။ နင့်ယောကျ်ားက ဖဲဝိုင်းဆိုပါပြီးသား"

"ဟုတ်လား။ ဒါ. . . ဒါဆို ဝေမာ သွားကြည့်အုံးမယ် မမြရေ"

ယောကျ်ားကိုစိတ်ပူ၍ ဝေမာ အချင်းဖြစ်ရာနေရာသို့ အပြေးလေးသွားမိသည်။ ရောက်သွားတော့ ရဲကားများ၊ ရပ်ကွက်လူကြီးများ အလုပ်ရှုပ်နေကြသည်။ ဘယ်သူ့ကိုမှပေးမဝင်။ ခဏကြာတော့ လက်ထိတ်တန်းလန်းနှင့် ကိုသိန်းဇင်ကို တွေ့လိုက်ရသည်။ ဝေမာ့မျက်လုံးများပြာဝေသွားသည်။

"မဟုတ်ပါဘူး၊ မဟုတ်လောက်ပါဘူး"

ခေါင်းကိုခါပြီး မဟုတ်ပါစေနှင့်ဟု ဆုတောင်းမိသည်။ ဝေမာဆုတောင်းမပြည့်ပေ။

"ကိုသိန်းဇင် ဟင့်. . . ဟင့်"

"ဝေမာ ငါလူနှစ်ယောက်ကို သတ်မိပြီ။ စိတ်မထိန်းနိုင်ခဲ့ဘူး။ ငါ့အပေါ်လူလည်ကျ ဖဲလိမ်ရိုက်လို့။ နင် သားလေးကိုခေါ်ပြီး နင့်အမေအိမ်ပြန်"

"ဟင့်. . . ဟင့် ကိုသိန်းဇင်ရယ်"

"ငါပြောတာကြားလား။ ဘာထောင်ဝင်စာမှ လာမတွေ့နဲ့။ ဘာမှ လာမပေးနဲ့။ ဘယ်တော့မှ လာမတွေ့နဲ့။ ငါ့မိုက်ပြစ် ငါခံမယ်။ ငိုမနေနဲ့ နင်သွားတော့"

ပြတ်သားလှသည့်လူမိုက်ကြီးကို အချုပ်ကားပေါ်တင်သွားကြပြီဖြစ်သည်။ သူ့မိုက်ပြစ်ဒဏ်က ထောင် ၁၂ နှစ်ကျသည်။ ယခုတော့ ၁၀ ကျော် မတွေ့ရသေးသည့် ဇနီးနှင့်သားလေးကို သူတွေ့ချင်နေမိသည်။ ဝေမာ သူ့အမေအိမ်မှာပဲရှိမှာပါလေဟု တွေးနေမိသည်။

(၄)

"ဝေမာ ဝေမာ၊ သား သားလေးဇင်မျိုး"

"သူ့အော်သံကြောင့် ၁၈ နှစ်အရွယ် ကောင်ကလေးတစ်ယောက်ထွက်လာသည်။ အရပ်က အမြင့်ကြီး သူ့ထက်ကို မြင့်သည်။ မျက်နှာက ဝေမာနှင့် တထေရာတည်းဖြစ်သည်။ မျက်လုံးတွေကတော့ သူနှင့် အတော်တူသည်။

"သား"

သူဝမ်းသာအားရခေါ်လိုက်မိသည်။

"အဖေ"

"အမေ ဒီမှာ အဖေပြန်လာပြီ"

သားအော်သံကြောင့် အထဲမှာစက်ချုပ်နေရင်း ဒေါ်ဝေမာ ပြေးထွက်လာသည်။

"ကိုသိန်းဇင် ရှင် ရှင်ကိုသိန်းဇင်ရယ်"

ယောကျ်ားဖြစ်သူ ရင်ခွင်ထဲဝင်၍ ငိုမိသည်။ သူလည်း ဇနီးဖြစ်သူကို ပြန်ပွေ့ဖက်ထားမိသည်။

"ဝမ်းသာလိုက်တာ ရှင်။ ဒီမှာ ရှင့်သား ဇင်မျိုးလေ"

သူ့အနားမှာရပ်နေသည့် သားဖြစ်သူကို လက်ညှိုးထိုးပြောမှ သူ့ရင်ထဲ နွေးသွားတော့သည်။ မျက်ရည်များအပြည့်ဖြင့် ကြည့်နေသောသားကို မြင်တော့ သူ့ရင်ထဲကြည်နူးသွားမိသည်။

"အဖေ"

"သားရယ်"

သူသားကို ပွေ့ဖက်နမ်းမိသည်။ နုထွားလှသော သားကြီးက လူချောကြီးဖြစ်သည်။ ဇနီးဖြစ်သူကတော့ သူတို့ သားအဖနှစ်ယောက်ကို ကြည့်၍ ဝမ်းသာမျက်ရည်များဖြင့် ကြည့်နေရှာသည်။ သူကတော့ ၁၀ နှစ်ကျော် ဝေးကွာသွားသည့် သားကို လွှင့်ထွက်သွားမှာကြောက်၍ တင်းတင်းပွေ့ဖက်ထားသည်။ သားကလည်း သူ့နည်းတူပင်ဖြစ်သည်။

"အဖေရယ် ဝမ်းသာလိုက်တာဗျာ။ အဖေ့ကို မတွေ့ရတော့ဘူး ထင်နေမိတာ"

(၅)

"ကဲ သားအဖတွေ ဒီအတိုင်းကြီးရပ်နေကြမှာလား။ ထိုင်ကြအုံး။ ဒီမှာ အအေးလေးသောက်ကြအုံး"

ဇနီးသည်ဝေမာ စကားကြောင့် မျက်ရည်များသုတ်ကာ ထိုင်ခုံပေါ် ထိုင်လိုက်ကြသည်။ ဇနီးသည် ကမ်းပေးလာသော အအေးခွက်ကိုယူ၍ သူမော့သောက်လိုက်သည်။ ရင်ထဲအေးချမ်းသွားသည်မှာ အမှန်ပင်ဖြစ်သည်။

"ကိုသိန်းဇင် ရှင့်စကားကို ကျွန်မနားထောင်တယ်နော်။ လောင်းကစားသမားပေမဲ့ ပြတ်သားတဲ့ ရှင့်စိတ်ဓာတ်ကို ကျွန်မလေးစားတယ်။ ကိုယ့်မိုက်ပြစ်ကိုလဲ မရှောင်တတ်ဘူး။ အခုဆို ကျွန်မကို ဖဲသမားမယားအပြင် လူသတ်သမားမယား၊ ထောင်ထွက်မယားလဲ ပြောကြတော့မယ်။ သားလေးကိုလဲ ဒီလိုပဲ ပြောကြတော့မယ်"

"ဝေမာရယ်။ ငါ ငါ"

သူ စကားများပြောမထွက်တော့ပေ။

"အမေရယ် သားမရှက်ပါဘူးဗျာ။ အဖေက သားတို့ကို ဘာပဲဖြစ်ဖြစ် လုပ်ကျွေးခဲ့တာပဲ မဟုတ်လား။ အဖေ့ကိုမမုန်းဘူး။ လုပ်ရဲရင်ခံရဲတဲ့ စိတ်ဓာတ်ကို ကြိုက်တာ။ အဖေ့ကိုသားဘယ်တုန်းကမှ မမုန်းခဲ့ဘူး။ အဖေ့ကြောင့် သားမျက်နှာငယ်ခဲ့ရလဲ ခဏပါပဲဗျာ"

"သားရယ်"

သိတတ်လှသော သားလိမ္မာလေးကို ကြည့်ပြီး လူကြမ်းကြီး ငိုနေပြီဖြစ်သည်။ သားဖြစ်သူက အဖေ့လက်ကလေးကိုကိုင်ကာ နှစ်သိမ့်ပေးနေသည်။ သားအဖနှစ်ယောက်ကိုကြည့်ရင်း ဒေါ်ဝေမာတစ်ယောက် မျက်ရည်များဖြင့် ကြည်နူးမဆုံးတော့ပေ။

"ရှင့်သားလေ။ ဟို ဘယ်သူနဲ့တူလဲ မသိဘူးတော်ရေ။ ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့အောင်ပြီး အခုဆေးတက္ကသိုလ် ဒုတိယနှစ်ဖြေထားပြီ"

"ဟင်. . . သားက"

သူ့အံ့ဩလွန်း၍ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

"သားက နောက်ဆို ဆရာဝန်ဖြစ်မှာလေ။ အဖေက ဆရာဝန်ကြီးရဲ့အဖေဖြစ်ပြီ"

သားက သူ့ကိုဝမ်းသာအားရပြောသည်။ အိပ်မက်မက်နေသလားဟု သူထင်နေမိသည်။

"ဖဲသမားသား ဆရာဝန်မဖြစ်ဘူးလို့ ဘယ်သူပြောလဲ။ အခုရှင့်ကို ဘယ်သူမှသိမှာမဟုတ်ဘူး။ စိတ်လဲဝင်စားကြမှာမဟုတ်ဘူး။ နှစ်တွေလဲကြာပြီလေ။ ရှင့်ကို လူသတ်သမား၊ ဖဲသမားလို့မြင်လဲ ခဏပဲ။ ရှင့်သားရဲ့ဂုဏ်က လွှမ်းသွားပြီလေ။ ဆရာဝန်တစ်ယောက်ရဲ့အဖေလို့ပဲ မြင်ကြမှာ"

"ငါ့. . . ငါ ဖဲရိုက်လောင်းကစား စွန့်လွှတ်လိုက်ပါပြီကွာ"

"ဟား ဟား ဟား"

အားလုံး၏ ပျော်ရွှင်သံများက သူတို့အိမ်လေးကို ဖုံးလွှမ်းသွားတော့သည်။ သူတို့မိသားစုဘဝက ယခုမှတကယ့်အေးချမ်းသည့် ရိပ်မြုံလေးတစ်ခုကို ပိုင်ဆိုင်နိုင်ပြီမဟုတ်ပါလား။

# ငပုတောမြို့နယ် သမီးလုကျွန်းပင်လယ်လိပ်မျိုးစိတ်ထိန်းသိမ်းရေးစခန်းသို့ ပြင်သာလိပ်များသာ အဓိကလာရောက်ဥချလေ့ရှိ



“မြန်မာနိုင်ငံမှာ ပင်လယ်လိပ်မျိုးစိတ်ထိန်းသိမ်းရေးစခန်းတွေကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနီမှာတစ်ခု၊ ငပုတောမြို့နယ် သမီးလုကျွန်းမှာတစ်ခုနဲ့ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးကျွန်းမှာတစ်ခု ဖွင့်လှစ်ထားပါတယ်။ ဒီသုံးခုထဲမှာ သမီးလုကျွန်း(လိပ်ကျွန်း)မှာတော့ ကမ္ဘာ့ရှားပါးစာရင်းဝင် ပင်လယ်လိပ်မျိုးစိတ်တွေ ရာသီမရွေး လာရောက်ဥချလေ့ရှိတဲ့ ကျွန်းတစ်ကျွန်းအဖြစ် တည်ရှိနေဆဲဖြစ်ပါတယ်။ ပြင်သာလိပ်မျိုးစိတ်တွေ အဓိကလာရောက်ဥချလေ့ရှိပါတယ်” ဟု သမီးလုကျွန်း ပင်လယ်လိပ်မျိုးစိတ် ထိန်းသိမ်းရေးစခန်းတာဝန်ခံ ဦးဖုန်းမော်က ပြောပြသည်။

**ငပုတော မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သမီးလုကျွန်းပင်လယ်လိပ်မျိုးစိတ် ထိန်းသိမ်းရေးစခန်းသို့ ပြင်သာလိပ်(Green Turtle)များသာ အဓိကလာရောက်ဥချလေ့ရှိကြောင်း သမီးလုကျွန်းပင်လယ်လိပ်မျိုးစိတ်ထိန်းသိမ်းရေးစခန်းတာဝန်ခံ ဦးဖုန်းမော်က ပြောပြ၍ သိရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၌ ပင်လယ်လိပ်မျိုးစိတ်များ နှစ်စဉ်လာရောက်ကာ ဥချလေ့ရှိသည့်အတွက် ပင်လယ်လိပ်များ အများဆုံး လာရောက်ဥချလေ့ရှိသည့် ဒေသများတွင် ပင်လယ်လိပ်မျိုးစိတ်ထိန်းသိမ်းရေးစခန်း သုံးခုဖွင့်လှစ်ပြီး နှစ်စဉ်ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ပင်လယ်လိပ်မျိုးစိတ်ငါးမျိုးကို ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း ယခုအခါ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၌ အများဆုံးဥချသည့် လိပ်မျိုးစိတ်မှာ ပြင်သာလိပ်သာ ရှိတော့ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ်ခုနစ်မျိုးရှိရာ အာဆီယံဒေသပြင်တွင် ပင်လယ်လိပ်ခြောက်မျိုးရှိပြီး မြန်မာနိုင်ငံ၌ ပင်လယ်လိပ်ငါးမျိုးရှိသော်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၌ အများဆုံးဥချသည့် လိပ်မှာ ပြင်သာလိပ်ဖြစ်ကြောင်း သိရသည်။

ASH

# မင်းကင်းမြို့နယ် အုံ့စရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းကင်း မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုံ့စရာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို မေ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းကင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဇော်လွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် သိန်း ၆၀၀ ကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဇော်လွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အုံ့စရာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူ ဦးရေ ၁၀၀ ကို ဆဋ္ဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၆၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးသူ

# ဆိပ်ဖြူမြို့နယ် အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ မေ ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို မေ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားရှိမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ အုန်းမှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၇၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၃၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇၂ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၀သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉၄ သိန်း ထုတ်ချေးပေးထားကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

နွံ့ယဉ်

## လူမှုဝန်းကျင်တွေ့ကာမြင်

\- ငါ၏ဘွားအေ ဒေါ်သိန်းရွှေသည်
အိပ်ခြေနှင့်ယာ နေထိုင်ပါလို့
ဘာသာတရား လက်ကိုင်ထား၍
သက်ကျားအိုရွယ် မှတ်ဉာဏ်ကြွယ်ကာ
ခင်တွယ်မိသားစု ဂရုပြုသည်
တူရှုနေထိုင် သက်ဆုံးတိုင်။

\- ငါ၏မိခင် ဒေါ်ထားယဉ်ကား
အမြင်အာရုံ မျက်စိမှုန်လို့
သေးနုပ်အပ်နဖား တတ်နိုင်ငြား၍
နိုးကြားသွက်လက် ကျန်းမာလျက်ဖြင့်
မပျက်ဖတ်နိုင် စာအုပ်ကိုင်သည်
ဝါးနိုင်ပဲကြီးလှော် အနေတော်။

\- ငါ၏ဖခင် ဦးသာဒင်ကား
ဘဝင်စိတ်ဝမ်း လွန်အေးချမ်း၍
ဝန်ထမ်းဘဝ အငြိမ်းစားရလို့
မျှတလစာ သုံးစွဲကာဖြင့်
ရပ်ရွာအရေး ကူညီပေးသည်
ဆွေးနွေးတရား ကျင့်ငြား၏။

\- ငါ့ကိုယ်၌မူ ဆံပင်ဖြူနှင့်
ဗိုက်ပူကာမျှ အလွန်ဝ၍
များလှအသက် ငါးဆယ်ဖက်ကာ
တွဲယှက်ဝေဒနာ ဆီးချိုပါလို့
ဘယ်ခါပျောက်မလဲ စိတ်မှာစွဲသည်
အားခဲကာမျှ နေရ၏။

\- သြော်
ဆုံးပါးခဲ့ငြား ငါ့အဘွားမှာ
မှတ်သားမည်ထင် မလွန်ခင်က
ခင်မင်ခဲ့သူ ငါလိုလူကို
မတူကာမျှ အလွန်ဝကြောင့်
စောင့်ရှောက်လို့ပေး ကျန်းမာရေးဟု
ငေးမောကာများ ပြောမည်လား
တွေးတောနေငြား ငါ့အဘွား။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**
- **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပွင့်ဖြူမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး ယခုနှစ်မိုးရာသီတွင် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၁၃၀ စိုက်ပျိုးသွားမည်



**ပွင့်ဖြူ မေ ၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ယခုနှစ် မိုးရာသီတွင် မြို့နယ်အတွင်း အပူဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၁၃၀ ကို အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် မိုးရာသီကာလတွင် မြို့နယ်အတွင်း ရာသီဥတုအပူဒဏ်ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ ကျေးရွာနေပြည်သူများနှင့်ပူးပေါင်းပြီး ကျေးရွာသုံးထင်းစိုက်ခင်းများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးရာသီတွင်လည်း ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၁၃၀ စိုက်ပျိုးနိုင်ရန်အတွက် ချောင်းဆုံကျေးရွာ ပျိုးဥယျာဉ်မြေ၌ ယူကလစ်နှင့် မြင်ဝါးပျိုးပင် စုစုပေါင်း ၈၇၇၅၀ ကို ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

"မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေနဲ့ နှစ်စဉ် မိုးရာသီကာလမှာ ကျေးရွာပြည်သူလူထုနဲ့ ပူးပေါင်းပြီးတော့ ကျေးရွာသုံး ထင်းစိုက်ခင်းတွေကို စိုက်ပျိုးလျက်ရှိပါတယ်။ ဒီနှစ် မိုးရာသီမှာဆိုရင် ကျေးရွာနေပြည်သူတွေနဲ့ပူးပေါင်းပြီး ကျေးရွာသုံး ထင်းစိုက်ခင်းစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးမဲ့ အစီအစဉ်ကတော့ ယူကလစ် ၁၂၇ ဧကနဲ့ မြင်ဝါး သုံးဧက စုစုပေါင်း ဧက ၁၃၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု ဦးဇော်ထွန်းက ပြောပြသည်။

ထိုသို့ ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးပြီးစီးလျှင်လည်း အောင်မြင်ဖြစ်ထွန်းစေရန် တာဝန်ရှိသူများက ကွင်းဆင်းကြီးကြပ်၍ မြေသြဇာကျွေးခြင်း၊ ရေဖျန်းခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါထင်းစိုက်ခင်းများမှထွက်ရှိလာမည့် သစ်၊ တိုင်၊ မျော၊ ထင်းများကိုလည်း ကျေးရွာနေပြည်သူများကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နတ်တလင်းမြို့နယ် မှန်တန်းကြီးစံပြကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**နတ်တလင်း မေ ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မှန်တန်းကြီးစံပြကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဒုတိယအကြိမ် ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းအသင်းဝင်များ လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် တက်ရောက်လာကြသူများက စိမ်းလန်းသုခအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၇၂၅ သန်း၊ သုခအောင်အဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၆၆၈ သန်း၊ Unity-5 အဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၆၆၈ သန်း စုစုပေါင်း အဖွဲ့သုံးဖွဲ့ထံ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် ၂၃ ဒသမ ၀၆၁ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သူများ၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုဖွဲ့စနစ် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးကျော်မြင့် (သရက်မြို့)**
**ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန**
**မြန်မာနိုင်ငံ သစ်တောကျောင်းအုပ်ကြီး (ငြိမ်း)**
**အသက် (၉၀) နှစ်**
ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ပင်လုံအိမ်ရာ၊ နှင်းဆီဥယျာဉ်ရိပ်သာနေ (ဒေါ်ခင်ရွှယ်ည) ၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော + ဒေါ်စမ်းစမ်းအေး တို့၏ဖခင်သည် ၇-၅-၂၀၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်စနီး ဒေါ်ကြူကြူလှ**



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် နိုင်ငံရေးလောကမှ အနားယူသွားမည်အလားအလာ

**မောင်စိန်အိ(နဘဲမြေ)**

ကမ္ဘောဒီးယားနိုင်ငံတွင် ဆက်ခံသူပြောင်းလဲမှုလုပ်ငန်းစဉ်သည် ခြေလှမ်းစတင်ပြင်ဆင်နေပြီဖြစ်သည်။ လက်ရှိအချိန်ထိ ကမ္ဘာ့သက်တမ်းအရှည်ဆုံးအစိုးရအဖွဲ့ခေါင်းဆောင်တစ်ဦးအဖြစ်ရပ်တည်လျက်ရှိသည့် အသက် ၇၀ အရွယ် ဝန်ကြီးချုပ်ဟွန်ဆန်သည် သူ၏သားအကြီးဆုံးဖြစ်သူ ဗိုလ်ချုပ်ကြီး ဟွန်မာနက်ကို ဝန်ကြီးချုပ်အဖြစ် လွှဲပြောင်းပေးသွားဖွယ်ရာရှိနေသည်ဟုဆိုသည်။

ဟွန်ဆန်အနေဖြင့် ဝန်ကြီးချုပ်တာဝန်မှအနားယူသည့် အချိန်တွင် မည်သည့်အလုပ်ကိုလုပ်ဆောင်သွားမလဲဆိုသော အချက်နှင့်စပ်လျဉ်း၍ အခမ်းအနားများတွင် အမျိုးမျိုးပြောဆိုလျက်ရှိသည်။ ၎င်းအနေဖြင့် အင်အားချည့်နဲ့သောပြည်သူများကို အကူအညီပိုမိုပေးနိုင်ရေးအတွက် ရှေ့နေတစ်ဦးအဖြစ် ရပ်တည်သွားလိုကြောင်း ၂၀၂၀ ပြည့်နှစ်အတွင်းက ပြောကြားသွားခဲ့သည်။ လွန်ခဲ့သောသတင်းပတ်ကလည်း ၎င်းအနေဖြင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များမည်သို့မည်ပုံလုပ်ဆောင်နေကြောင်း ပိုမိုသိရှိလိုသဖြင့် လူ့အဖွဲ့အစည်း အကြီးအကဲတစ်ဦးအဖြစ်ရပ်တည်သွားရန် လတ်တလောစဉ်းစားနေကြောင်း ပြောဆိုခဲ့သည်။

ဟွန်ဆန်အနေဖြင့် ဝန်ကြီးချုပ်တာဝန်လွှဲပြောင်းပေးပြီးနောက် နိုင်ငံရေးလောကမှ အနားယူသွားမလားဆိုသောအချက်ကို မည်သူမျှအတိအကျမျှော်မှန်းနိုင်ခြင်းမရှိပေ။ ၎င်းသည် အခမ်းအနားများစွာ၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌဖြစ်နေသောကြောင့် အဆိုပါအခမ်းအနားများသည် ဟွန်ဆန်အတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ၎င်းအနေဖြင့် အာဏာရကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) ဥက္ကဋ္ဌနေရာမှလည်း ဆင်းပေးသွားမည်မဟုတ်ကြောင်း ပြောဆိုထားပြီးဖြစ်သည်။ ၎င်း၏ ဘုန်းတန်ခိုးအာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးနောက်ပိုင်း အမျိုးသားလွှတ်တော်၏ လုပ်ပိုင်ခွင့်ထက်ပင် ကျော်လွန်လျက်ရှိပေသည်။ အမျိုးသားလွှတ်တော်အနေဖြင့် အစိုးရတာဝန်ရှိသူများခန့်အပ်ခြင်းနှင့် တာဝန်မှအနားပေးခြင်းတို့ကို လုပ်ဆောင်ခွင့်မရှိတော့ပေ။

အချို့သောပညာရှင်များက ၎င်းအနေဖြင့် ဝန်ကြီးချုပ်တာဝန်မှအနားယူပြီးနောက် ပါရင့်ဝန်ကြီးအဖြစ်ထမ်းဆောင်သွားဖွယ်ရာရှိကြောင်း ခန့်မှန်းပြောဆိုလျက်ရှိသည်။ ၎င်းအနေဖြင့် အထက်လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သွားဖွယ်ရာရှိကြောင်း၊ အဆိုပါတာဝန်သည် အခွန်းမပေးဆောင်ရသည့်လုပ်ငန်းဖြစ်သော်လည်း တိုင်းပြည်အတွင်း ဘုရင်မရှိသည့်အချိန်တွင် ၎င်းအနေဖြင့် ခေတ္တနိုင်ငံတော်အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အထက်လွှတ်တော်ရွေးကောက်ပွဲများကို လာမည့်နှစ်အတွင်း ကျင်းပသွားရန်ရှိပြီး ၎င်း၏ရည်ရွယ်ချက်ကို ဝန်ကြီးချုပ်တာဝန်မှ အနားယူရန်ပြင်ဆင်နေသည့်အချိန်တွင် ညွှန်ပြသွားဖွယ်ရာရှိနေသည်။ အဆိုပါ ရာထူးသည် ဝန်ကြီးချုပ်ဟွန်မာနက်၏ တာဝန်ထမ်းဆောင်မှု တစ်စုံတစ်ရာချို့ယွင်းမှုဖြစ်ပေါ်လာလျှင် ဟွန်ဆန်ကို ဝင်ရောက်စွက်ဖက်နိုင်ခွင့်ရှိသည့် အာဏာအပြည့်အဝပေးထားသည်။

ဟွန်ဆန်အနေဖြင့် အသက် ၂၀ ကျော်ကာလကတည်းက နိုင်ငံရေးတာဝန်များထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အသက် ၂၀ အရွယ်တွင် Khmer Rouge တပ်ခွဲမှူးတာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာခဲ့သည်။ ထိုစဉ်က ၎င်း၏အသက်မှာ ၂၆ နှစ်သာရှိပြီး ကမ္ဘာ့အငယ်ဆုံးနိုင်ငံခြားရေးဝန်ကြီးဖြစ်ပြီး ခြောက်နှစ်အကြာတွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၎င်းသည် ဘဝတွင် နိုင်ငံရေးတစ်ခုတည်းကိုသာ အကျွမ်းတဝင်ရှိနေသည်။ ထို့ကြောင့် ဟွန်ဆန်အနေဖြင့် နိုင်ငံရေးလောကမှ အပြည့်အဝအနားယူနိုင်ဦးမည်မဟုတ်သေးပေ။ ပါတီဝင်များသည် ဟွန်မာနက်ကို ထောက်ခံခြင်းမရှိလျှင် ၎င်း၏ ဝန်ကြီးချုပ်တာဝန်သည် ဖြစ်တည်လာနိုင်မည်မဟုတ်ပေ။ ဟွန်ဆန်သည် ဟွန်မာနက်၏ နောက်ကွယ်၌ ရှိနေနိုင်ပြီး ၎င်းအနေဖြင့် ဟွန်မာနက်၏ အားနည်းချက်များကို ကြိုတင်သိရှိထားနိုင်ပေသည်။

ယခင်က နိုင်ငံရေးအာဏာတစ်ကြိမ်တစ်ခါမျှ စွဲကိုင်ဖူးခြင်းမရှိသော ဟွန်မာနက်သည် တာဝန်ထမ်းဆောင်မည့်အစောပိုင်းနှစ်များတွင် အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းသွားရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ၎င်း၏ ဖခင် ဟွန်ဆန်အနေဖြင့်လည်း ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသည့်အချိန်၌ နိုင်ငံရေးလောကတွင် အစိမ်းသက်သက်သာဖြစ်သည်။ ထိုစဉ်က ၎င်းသည် ဗီယက်နမ်စစ်ဘက်၏အကူအညီဖြင့် Khmer Rouge အစိုးရကို ဖြုတ်ချခဲ့သည်။ ၎င်းအနေဖြင့် နိုင်ငံရေးနယ်ပယ်တွင် ရင်းနှီးကျွမ်းဝင်မှုမရှိသဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးက ၎င်းကို သံခင်းတမန်ခင်းဆိုင်ရာနှင့် ကမ္ဘာ့နိုင်ငံရေးရာများကို နေ့စဉ်ရှင်းလင်းပြသခဲ့သည်။

လက်ရှိအချိန်တွင် ဟွန်ဆန်သည် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးနယ်ပယ်တွင်ဆရာတစ်ဆူဖြစ်လျက်ရှိသည်။ ၎င်းအနေဖြင့် အနာဂတ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးဆိုင်ရာ စံပြပုဂ္ဂိုလ်အဖြစ် ရပ်တည်သွားလိုသော်လည်း ၎င်း၏နေရာကို ဆက်ခံမည့်သူအတွက် ဖြစ်နိုင်ခြေရှိသောအခြေအနေများအပေါ် စိတ်မချသလိုဖြစ်နေသည်။ ထိုသို့စွဲကိုင်ထားခြင်းသည် ရေတိုကာလအတွင်းသာ အဓိပ္ပာယ်ရှိနိုင်မည်ဖြစ်သော်လည်း ဟွန်မာနက်အတွက်မူ ပြဿနာဝင်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံရေးလောကတွင် ဟွန်ဆန်သည် လွန်ခဲ့သော ဆယ်စုနှစ်များစွာကတည်းကပင် အာဏာတည်ဆောက်ထားပြီးဖြစ်သည်။ အစောပိုင်းကာလများတွင် ဝန်ကြီးဌာနများကို လုပ်ငန်းတာဝန်ထမ်းဆောင်ရာ၌ သဘောထားကွဲလွဲမှုများနှင့် ပဋိပက္ခများဖြစ်ပေါ်အောင် လျစ်လျူရှုထားသည်။ ထိုသို့ဖြစ်ပေါ်လာသည့်အချိန်တွင် ဟွန်ဆန်ထံမှ အကြံပြုချက်တောင်းခံရလေ့ရှိသည်။ မကြာသေးမီအချိန်အတွင်းကပင် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားအားကစားကော်မတီသည် ရုပ်သံမီဒီယာများအပေါ် အဆမတန် ငွေကြေးတောင်းခံသဖြင့် ဝန်ကြီးချုပ်ဟွန်ဆန်ကိုယ်တိုင် ဝင်ရောက်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရသည်။

လွန်ခဲ့သောသတင်းပတ်ကလည်း ဟွန်ဆန်သည် အစိုးရတာဝန်ရှိသူများကို ၎င်း၏ညွှန်ကြားချက်များကို စောင့်ဆိုင်းနေရန်မလိုဘဲ လုပ်ငန်းတာဝန်များထမ်းဆောင်သွားရန် ထပ်မံသတိပေးခဲ့သေးသည်။ ၎င်းအနေဖြင့် အထက်မှအောက်သို့ဆင်းသည့်ပုံစံမျိုးကိုစိတ်မဝင်စားသော်လည်း ၎င်း၏အုပ်ချုပ်မှုပုံစံသည် အာဏာရပါတီတွင်ဦးဆောင်မှုရယူထားခြင်းအားဖြင့် ပါတီဝင်များကြား အရည်အချင်းပြိုင်ဆိုင်မှုမြင့်တက်လာစေရန်ပင်ဖြစ်သည်။ ဟွန်ဆန်က တာဝန်ရှိသူများအားလုံးကို ဥပဒေအတိုင်းလိုက်နာဆောင်ရွက်သွားရန် သတိပေးပြောကြားထားပြီးဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အမိန့်စောင့်ဆိုင်းနေရန်မလိုကြောင်း၊ အော်ဟစ်ကြိမ်းမောင်းမှသာလျှင် လုပ်ငန်းတာဝန်များကို အပြေးအလွှား သွားရောက်တာဝန်ထမ်းဆောင်သည့်ပုံစံမျိုး မဖြစ်စေရန် တာဝန်ရှိသူများကို သတိပေးထားပြီးဖြစ်ကြောင်း၊ မိမိတာဝန်ကိုကျေပွန်စွာထမ်းဆောင်သွားရန်သာလိုအပ်ကြောင်း ပြောကြားခဲ့သည်။

မျိုးဆက်သစ်မွေးထုတ်ခြင်းလုပ်ငန်းစဉ်သည် ဟွန်မာနက်၏ တာဝန်ထမ်းဆောင်မှုနှင့်အတူဖြစ်ပေါ်လာနိုင်သည်။ ထိုသို့လူငယ်မျိုးဆက်သစ်များကို တာဝန်လွှဲပြောင်းပေးခြင်းသည် တက်ကြွသော လူငယ်များပေါ်ထွက်လာပြီး ပြိုင်ဆိုင်မှုလည်းမြင့်တက်လာနိုင်ပေသည်။ သာဓကအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးတာဝန်ထမ်းဆောင်နေသည့် Dith Tina ကဲ့သို့သော လုပ်ငန်းကြိုးစားသည့် ဝန်ကြီးများထွက်ပေါ်လာနိုင်သည်။ ၎င်းသည် လာမည့်ရွေးကောက်ပွဲအလွန် စက်တင်ဘာလတွင် ဖွဲ့စည်းသွားမည့်အစိုးရအဖွဲ့တွင် ရာထူးတိုးမြှင့်ခံသွားရမည်ဟု ထင်ကြေးပေးခံထားရသူဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲအလွန်ကာလတွင် ဖွဲ့စည်းသော အစိုးရအဖွဲ့တွင် ဂိုဏ်းဂဏကွဲမှုများလည်း ဖြစ်ပေါ်လာနိုင်ပေသည်။ ထိုသို့ဖြစ်လာမည်ဆိုလာလျှင် ၎င်းတို့အနေဖြင့် မည်သူ့ကိုချဉ်းကပ်သွားမည်နည်း။

ဝန်ကြီးချုပ် ဟွန်မာနက် သို့တည်းမဟုတ် ဟွန်ဆန်ကို ချဉ်းကပ်သွားမလား။ စစ်မှန်သောပြဿနာများဖြစ်ပေါ်လာမည်ဆိုလျှင် အမျိုးသားလွှတ်တော်မှတစ်ဆင့် ဟွန်မာနက်ဆီသို့ ချဉ်းကပ်သည်ထက် ဟွန်ဆန်သည် CPP ဥက္ကဋ္ဌတစ်ဦးအနေဖြင့် စိန်ခေါ်မှုများကို ဖြေရှင်းပေးသွားနိုင်မည်ဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးတွင် မျိုးဆက်သစ် ဝန်ကြီးချုပ်အသစ်တစ်ဦးအနေဖြင့် မည်ကဲ့သို့ အာဏာတည်ဆောက်သွားမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

နိုင်ငံရေးရာထူးဆက်ခံမှု၏ အန္တရာယ်မှန်သမျှသည် ဘွဲ့ထူးဂုဏ်ထူးကိုသာ လွှဲပြောင်းပေးအပ်ပြီး လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးအပ်ခြင်းမရှိခြင်းပင်ဖြစ်သည်။ ဟွန်မာနက်အနေဖြင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခွင့်ရရှိသည့်တိုင်အောင် ဟွန်ဆန်ကဲ့သို့ အာဏာအပြည့်အဝရရှိနိုင်မည်မဟုတ်ချေ။ ဟွန်ဆန်သည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားသည့်တိုင်အောင် ကမ္ဘောဒီးယားအစိုးရသည် ၎င်းကိုသာ ဦးတိုက်ဆောင်ရွက်နေရဦးမည်ဖြစ်သည်။ စွမ်းဆောင်ရည်ပြိုင်ဆိုင်မှုကို အခြေခံသည်ဆိုသော်လည်း ဝန်ကြီးများကို လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များပိုမိုပေးသွားရန်လိုအပ်ပေသည်။ စင်စစ်အားဖြင့် လုပ်ပိုင်ခွင့်အာဏာသည် နောက်ကွယ်မှကြိုးကိုင်သူ၏ လက်ထဲတွင်သာရှိနေမည်ဖြစ်သည်။

သာဓကအနေဖြင့် အသက် ၉၇ နှစ်အရွယ် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်သည် အသက်အရွယ်အိုမင်းလာပြီး စိတ်ကယောင်ချောက်ချားဖြစ်လာသည့်အချိန်မှသာ ဝန်ကြီးချုပ်တာဝန်ကို လက်လွှတ်ခဲ့သည်။ အလားတူ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုသည် ၂၀၁၅ ခုနှစ် ကွယ်လွန်သည့်အချိန် အသက် ၉၁ နှစ်ထိ နောက်ကွယ်မှကြိုးကိုင်ခဲ့သည်။ ထို့ကြောင့် ဝန်ကြီးချုပ်ဟွန်ဆန်အနေဖြင့်လည်း ဝန်ကြီးချုပ်တာဝန်ကို သားကြီးဖြစ်သူ ဟွန်မာနက်အား လွှဲပြောင်းပေးခဲ့သည့်တိုင်အောင် နိုင်ငံရေးလောကမှ အပြီးတိုင်အနားယူသွားမလားဆိုသောအချက်ကိုမူ စောင့်ကြည့်သွားရတော့မည်ဖြစ်ပေသည်။

**ကိုးကား**

- **Hun Sen Will Never Retire by The Diplomat.**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဝေါလကမ်ိုး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှစ်ပြခန်းမိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၁၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်း လိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်



Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊နှစ်အတွင်း ကာလတိုချေးငွေလျှော့က်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ပိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ပြုပွေးတောက်ပစေပါသည်။

သွားဆာဂုဝန်များ၏ထောက်ခံချက်ရရှိထားပါသည်။

# DENTOMEC

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၅၀၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၀၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၇၃၃၃

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇






## ဝန်ထမ်းအလိုရှိသည်

Kedia Lights လျှပ်စစ်ဆိုင်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

**၁။ စာရင်းကိုင်+အရောင်း မ (၁)ဦး**

လုပ်ငန်းအတွေ့အကြုံရှိရမည်။

လစာ 200000 + ရက်မှန်ကြေး 20000

**၂။ ဆိုင်ကူ+ယာဉ်မောင်း ကျား (၁)ဦး**

လစာ 200000 + ရက်မှန်ကြေး 20000

လိုအပ်သောစာရွက်စာတမ်းများ ယူဆောင်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

No.283, 81 (26×27)

## ဝန်ထမ်းအလိုရှိသည်

**၁။ စာရင်းကိုင် ကျား/မ (၁)ဦး**

-အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

-လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ (၁၅-၅-၂၀၂၃)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

-ပရိယတ္တိသာသနဟိတအသင်း၊ ၈၅လမ်း၊ ၃၄×၃၅ လမ်းကြား၊ မန္တလေးမြို့။

-ဖုန်း/ ၀၉-၄၀၀၉၀၀၄၄၁/၄၄၂/၄၄၃

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့၊ စွယ်တော်ကားကွင်းတွင် တာဝန်ထမ်းဆောင်ရန်

*** ငွေခံစာရေးမ (၁) ဦး**

-မှတ်ပုံတင်မူရင်းရှိရမည်။

-အထက်တန်းဆင့်အောင်မြင်သူဖြစ်ရမည်။

-အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

-နေစရာပေးသည်။

-အခြေခံလစာ- 180000/-

-ရက်မှန်ကြေး-20000/-

ဆက်သွယ်ရန်ဖုန်း- 09-259578608, 09-962841888


**သစ်ပင်ခိုက်မှ အရိပ်ရ၏ ၊ ရိပ်ခိုနားနေ အပန်းပြေ၏**

ခြင်ဆေးခွေ

သုံးလျှင်

သတိယူဦ

အောက်တွင်

ခံခွက်

မမေ့နှင့်

## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကိုတည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့် မပြည့်စုံဘဲ တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်ပြီး အခွင့်အရေးမျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ် တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)**

၂၁.၂.၂၀၂၂

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် မေ ၇**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ခြေဖဝါး၌ ရှေ့ခြေသည်းငါးခု စီနှင့် **စာမျက်နှာ ၂၂ ကော်လံ ၃** ☆

## ထူးခြားသည့် နေ့အပူချိန်များ

(၇-၅-၂၀၂၃)

**ချောက်မြို့**
၄၅ ဒီဂရီစင်တီဂရိတ်

**ဘောလခဲမြို့**
၄၄ ဒီဂရီစင်တီဂရိတ်

**ညောင်ဦးမြို့**
၄၃ ဒီဂရီစင်တီဂရိတ်

**မင်းဘူးမြို့**
၄၃ ဒီဂရီစင်တီဂရိတ်

**မကွေးမြို့**
၄၃ ဒီဂရီစင်တီဂရိတ်

**အောင်လံမြို့**
၄၃ ဒီဂရီစင်တီဂရိတ်

## ဆီးဂိမ်းပြိုင်ပွဲ အုပ်စုတတိယပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

စာမျက်နှာ - ၉

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
SIN MINN
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

